မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၄)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်းနှင့်တင်သွင်းခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၈) ဦးတို့ တက်ရောက်ကြသည်။

ယနေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက အမျိုးသားစာပေဆု၊ အာဇာနည်နေ့နှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ မေးခွန်းလေးခုကို မေးမြန်းခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြန်လည်ဖြေကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တိုးမြှင့်ချီးမြှင့်ခဲ့

အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၏ **"အမျိုးသားစာပေဆုချီးမြှင့်ရာတွင် စာပေအမျိုးအစားတစ်ခုအတွက် လူပုဂ္ဂိုလ်တစ်ဦးကိုသာ အမျိုးသားစာပေဆု ချီးမြှင့်သော်လည်း ချီးမြှင့်ငွေပမာဏမှာ ကျပ် (၃)သိန်းသာဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ချီးမြှင့်ခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးပြုစာပေကောင်းများ ပေါ်ထွက်လာပြီး ပြည်သူလူထုများ ပိုမိုလေ့လာဆည်းပူးခွင့်ရရှိခဲ့ပါကြောင်း၊ စာပေရှင်ကြီးများ၏ ကိုယ်ကျိုးစွန့်ကြိုးစားအားထုတ်မှုကို လေးစားသောအားဖြင့်လည်းကောင်း၊ စာပေရှင်ကြီးများ၏ သုံးစွဲရသည့် စရိတ်စကများကြောင့်လည်းကောင်း၊ ယခုချီးမြှင့်သည့် ငွေကျပ် (၃)သိန်းထက် ပိုမိုချီးမြှင့်သင့်ပါကြောင်း၊ သို့ဖြစ်၍ အမျိုးသားစာပေဆု၏ ဆုကြေးငွေကို တိုးမြှင့်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ ၁၉၆၅ ခုနှစ်မှစ၍ အမျိုးသားစာပေဆုအတွက် ဘာသာရပ် (၁၀)မျိုးတွင် ဆု (၁၀)မျိုး သတ်မှတ်ပြီး စတင်ချီးမြှင့်ပေးခဲ့ပါကြောင်း၊ ၁၉၆၉ ခုနှစ်မှစ၍ သုတပဒေသာဘာသာရပ်အတွက် သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ(သိပ္ပံ)ဟူ၍ တိုးမြှင့်ချီးမြှင့်ခဲ့ပါကြောင်း၊ အလားတူ ၁၉၇၅ ခုနှစ်တွင် လူငယ်ဆိုင်ရာ ဘာသာရပ်အတွက်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ဘာသာပြန်စာပေဆုအတွက် ဘာသာပြန်သုတ၊ ဘာသာပြန် ရသဟူ၍လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် သုတပဒေသာ (သိပ္ပံ)ဘာသာရပ်အတွက် သုတပဒေသာ(သိပ္ပံ) ဘာသာရပ်နှင့် သုတပဒေသာ (အသုံးချသိပ္ပံ)ဘာသာရပ်ဟူ၍လည်းကောင်း တိုးမြှင့်ချီးမြှင့်ပေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယနေ့အခါ နိုင်ငံတော်၌ ဘာသာရပ်ကိုအခြေခံပြီး အမျိုးသားစာပေဆု (၁၄)ဆုကို ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၀၁ ခုနှစ်တွင် လူပုဂ္ဂိုလ်ကို ဦးတည်ချီးမြှင့်ပေးသည့် *စာမျက်နှာ ၃ ကော်လံ ၁* ●

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀) ဦးတို့ တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးအေးက **"ပုဂံ-ညောင်ဦး ဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်နိုင်ရေး အစီအမံ ရှိ/မရှိ၊ ရှိပါက မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း"** နှင့် **"ပုဂံမြို့သစ်အနီး ဂန့်ဂါရပ်ကွက်ရှိ ဟိုတယ်ဇုန် (၄)တွင် ဟိုတယ်ကြီး (၂)လုံးသာ တည်ဆောက်ဖွင့်လှစ်ထားပြီး ဆက်လက်၍ ဟိုတယ်များ ဆောက်လုပ်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း"** ဖြင့် မေးမြန်းသည်။

တိုးမြှင့်ဆောင်ရွက်

မေးခွန်းများနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြန်လည်ဖြေကြားရာတွင် ကမ္ဘာလှည့်ခရီးသည် တိုးတက်ဝင်ရောက်လာရေးအတွက် ပုဂံဒေသတစ်ခုတည်းသာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၏ ဝန်ဆောင်မှုအရည်အသွေးနှင့် အဆင့်အတန်းမြင့်မားရေးအတွက် ပုဂံ-ညောင်ဦး လေဆိပ်သို့ ခရီးသည်ဝင်ရောက်မှု အဆင်ပြေချောမွေ့စေရေး၊ ခရီးသည်များ အသုံးပြုသွားလာမည့် အမြန်ယာဉ်/အနေ့းယာဉ်များ အရည်အသွေးမြင့်မားပြီး စနစ်တကျရှိရေးနှင့် ဈေးနှုန်းသင့်တင့်မှန်ကန်စေရေး၊ ဟိုတယ်များ အဆင့်အတန်းမြင့်မားစေရေးနှင့် ဝန်ဆောင်မှုကောင်းမွန်စေရေး၊ ပုဂံဒေသနှင့် အနီးတစ်ဝိုက်ရှိ ခရီးစဉ်ဒေသများ၏ ဆွဲဆောင်မှုများ မွမ်းမံပြုပြင်ခြင်းနှင့် ဆွဲဆောင်မှုအသစ်များ တိုးချဲ့ဖော်ထုတ်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသည် တစ်နှစ်ပတ်လုံး လာရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသဖြစ်ကြောင်း မြှင့်တင်ကြော်ငြာခြင်း၊ နိုင်ငံတကာခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်းနှင့် ခရီးစဉ်များ ရောင်းချပေးခြင်း စသည်တို့ကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်း စနစ်တကျဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပုဂ္ဂလိကဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ကိုလည်း ဥပဒေနှင့်အညီ *စာမျက်နှာ ၄ ကော်လံ ၁* ○

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၁ ခုနှစ် ဩဂုတ် ၂၆ ရက်)

တိုးတက်အောင်မြင်ရေး စည်းကမ်းကို အစဉ်လိုက်နာ

လူမှုအသိုင်းအဝိုင်း၌ နေ့စဉ်လူတို့သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်နေကြရသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူမှုအသိုင်းအဝိုင်းအတွင်း စည်းကမ်းနှင့်အညီ ပြုမူကျင့်ကြံနေထိုင်လှုပ်ရှားရသည်။ တန်ဖိုးရှိသော နိုင်ငံသားတစ်ဦးအဖြစ် လူမှုအသိုင်းအဝိုင်းနယ်ပယ်၌ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကြရသည်။

"စည်းကမ်းသည် လူ၏တန်ဖိုး"ဟု ဆိုစကားရှိသည်။ စည်းကမ်းရှိသောသူသည် တိုးတက်သည်။ စည်းကမ်းလိုက်နာသောသူသည် ဘေးအန္တရာယ်ကင်းရှင်းသည်။ လူတစ်ဦးချင်းစီသော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင်သော်လည်းကောင်း၊ ဌာနအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ နိုင်ငံအလိုက်သော်လည်းကောင်း လိုက်နာကျင့်သုံးအပ်သော စည်းကမ်းများထားရှိကြသည်။

ရောမကိုရောက်လျှင် ရောမစည်းကမ်းကို လိုက်နာရမည်ဟု ဆိုစကားရှိသည်။ ထိုစကား၏အဓိပ္ပာယ်သည် အလွန်လေးနက်သည်။ သူ့နေရာ၊ သူ့ဒေသ၊ သူ့နိုင်ငံ၏စည်းကမ်းကို နေရာဌာနအလိုက် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

မြို့ရွာတစ်ခွင် သာယာစေရန် မြို့ရွာစည်းကမ်းကို လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်သည်။ အိမ်တွင် အိမ်၏စည်းကမ်း၊ ကျောင်းတွင် ကျောင်း၏စည်းကမ်း၊ ရုံးတွင် ရုံး၏စည်းကမ်း၊ လမ်းတွင် လမ်း၏စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်သည်။ စည်းကမ်းကို လိုက်နာဆောင်ရွက်ခြင်းသည် ကောင်းသော အမူအကျင့်ဖြစ်ပြီး ဘဝ၏တိုးတက်မှုအတွက် အောင်မြင်မှုလမ်းကြောင်းဖြစ်သည်။

ငယ်စဉ်အချိန်ကာလမှစ၍ စည်းကမ်းကို လိုက်နာကျင့်သုံးသောသူသည် ယင်းအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်။ စည်းစနစ်မရှိ ပေါ့ပေါ့လျော့လျော့နှင့် နေခဲ့သူသည် စည်းကမ်းလိုက်နာမှုအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုသဖွယ် ဖြစ်နေပေမည်။ ကျောင်းသား ကျောင်းသူများ ကျောင်းစည်းကမ်းနှင့်အညီ နေ့စဉ်ကျောင်းသင်ခန်းစာများကို လေ့လာကျက်မှတ်ခြင်းဖြင့် အခက်အခဲမရှိ အောင်မြင်မည်ဖြစ်သည်။

စည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သူကို စည်းကမ်းပျက်ယွင်းသူတို့က ယိုးမယ်ဖွဲ့ ပြောဆိုတတ်ကြသည်။ စည်းကမ်းပျက်ယွင်းသူသည် စည်းကမ်းလိုက်နာသူကဲ့သို့ လုပ်ငန်းကိစ္စများကို မစွမ်းဆောင်၊ ကြိုးပမ်းအားထုတ်မှုမပြုနိုင်ချေ။ စည်းကမ်းကို လိုက်နာကျင့်သုံးပါမှ လုပ်ငန်းမှန်သမျှ တိုးတက်အောင်မြင်မည်ဖြစ်သည်။ ထိုမှဆက်၍ မိမိ၏ မိသားစု၊ မိမိရပ်ကွက်၊ မိမိမြို့ရွာ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းသည် စည်းကမ်းကိုအစဉ်လိုက်နာကြခြင်းဖြင့် မိမိဘဝ၊ မိမိ မိသားစု၊ မိမိမြို့ရွာနှင့် မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဆင်းရဲမှုကြောင့် ပညာသင်ကြားနိုင်ခွင့် မဆုံးရှုံးစေရ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား

နေပြည်တော် ဩဂုတ် ၂၅

တက္ကသိုလ်ပညာသင်ကြားရေးတွင် ကျောင်းသား ကျောင်းသူများ ဆင်းရဲမှုကြောင့် ပညာသင်ကြားနိုင်ခွင့် ဆုံးရှုံးခြင်း မဖြစ်ရအောင် တာဝန်ရှိသူများက အလေးထားဆောင်ရွက်စေလိုကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)သို့ ရောက်ရှိစဉ် ကွန်ပျူတာတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြ/သရုပ်ပြ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

အားပေးစကားပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ် ကဒုံကနီကြိုးဝိုင်းအတွင်း ဒီရေတောများ ပြုစုပျိုးထောင်စိုက်ပျိုး

ဘိုကလေး ဩဂုတ် ၂၅

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ဘိုကလေးမြို့နယ် ကဒုံကနီကြိုးဝိုင်း အကွက်အမှတ် (၄၈)တွင် တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမြင့် ဦးဆောင်လျက် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြိမ်ချောင်းကြီးကျေးရွာအုပ်စုအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအင်အား ၂၅၀တို့က သမဲ့၊ ပြူးရွှေဝါ၊ မဒမပျိုးပင် ၃၇၈၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ပြုစုပျိုးထောင်

ထိုနေ့ နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ကြိမ်ချောင်းကြီးကျေးရွာ၌ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး **(အပေါ်ပုံ)** မွန်းလွဲပိုင်းတွင် ကဒုံကနီကြိုးဝိုင်းအကွက်အမှတ်(၃၉)ရှိ ဒီရေတောစိုက်ခင်း ၃၇၅ ဧကတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဒီရေတော စိုက်ခင်းများ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မူလတန်းကျောင်းဆောင်သစ် သံဖြူဇရပ်၌ဖွင့်

သံဖြူဇရပ် ဩဂုတ် ၂၅

သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ မြမာလာကျေးရွာအုပ်စု ဗုဒ္ဓရပ်အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ဗုဒ္ဓရပ် အမကတွင် ကျင်းပရာ ရှေးဦးစွာ ကျောင်းအဆောက်အအုံသစ်ကို ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်နှင့် ကျောင်းဆောက်လုပ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းညွှန့်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**ထို့နောက် တာဝန်ရှိသူများက အဆောက်အအုံနှင့် သက်ဆိုင်သည့် အချက်အလက်များကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်း အဆောက်အအုံသစ်မှာ ပေ (၁၂၀×၃၀)ရှိပြီး ဝေါလ်ဗီးရှင်း(မြန်မာ)မှ ပံ့ပိုးမှု ငွေကျပ် ၁၁၉ သိန်းကျော်နှင့် ပြည်သူများ၊ အလှူရှင်များ စုပေါင်းထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ် သိန်း ၂၄၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော ယာဉ်မောင်းသူများသည် လူကူးမျဉ်းကျားမရောက်မီ ယာဉ်ကို အရှိန်လျှော့မောင်းနှင်ရန်နှင့် လူကူးမျဉ်းကျားတွင် လမ်းကူးသူများရှိပါက ယာဉ်ကို ရပ်တန့်ပေးရမည်။ ရပ်တန့်မပေးဘဲ အတင်းဝင်ရောက်မောင်းနှင်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် စံပြစိုက်ကွင်းများ မှော်ဘီ၌ တောင်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ရွှေမြယာကုန်းကျေးရွာအုပ်စုတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့်အညီ ဆင်းသုခစပါးမျိုးများ စိုက်ပျိုးလျက်ရှိရာ အဆိုပါ မျိုးစပါး စိုက်ပျိုးထားသော စံပြစိုက်ကွင်းဧက ၅၀သို့ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ (စိုက်ပညာ မျိုးစေ့) ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ တောင်သူများ ကွင်းဆင်းလေ့လာကြသည်။

အဆိုပါစံပြစိုက်ကွင်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးသန့်ခြံမှ မျိုးသန့်မျိုးစေ့များရယူစိုက်ပျိုးခဲ့မှု၊ ပေါင်စနစ်ဖြင့် စနစ်တကျပျိုးထောင်ခဲ့မှု၊ ပျိုးသက် ၂၀ ရက်သားတွင် ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် ဆောင်ရွက်ခဲ့မှု၊ လက်ဆမှန်၊ ကောက်ကွက်မှန်၊ အတိမ်အနက်မှန်စိုက်ပျိုးခဲ့မှု၊ ရေသွင်းရေခန်းစနစ်အားအချိန်နှင့်အညီ ဆောင်ရွက်ခဲ့မှုနှင့်လက်ရှိပင်ပွား ၁၂ပင်အထိ ရရှိနေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လေ့လာကြည့်ရှု

ထို့နောက်တောင်သူများသည် တိုက်ကြီးမြို့နယ်ကျိုက်စကိုင်းကျေးရွာရှိ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် စံပြစိုက်ကွင်း ၂၅ ဧကတွင် စိုက်ပျိုးထားသော ဆင်းသုခစပါးမျိုးစံကွက်သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နည်းပညာမြင့်အိုင်တီပစ္စည်းများ ဈေးနှုန်းကျဆင်း

ခင်ရတနာ(ဗဟန်း)

ရန်ကုန် ဩဂုတ် ၂၅

အမေရိကန်ဒေါ်လာဈေး ထပ်မံကျဆင်းခဲ့ပြီးနောက်ပိုင်း နိုင်ငံခြားမှ တင်သွင်းသည့် နည်းပညာမြင့် အီလက်ထရွန်နစ် အိုင်တီပစ္စည်းများ ဈေးနှုန်းကျဆင်းခဲ့သည့်အတွက် ဝယ်လိုအား မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ "ဒေါ်လာဈေးက ဆက်တိုက်ကျနေတာကြောင့် ဈေးတွေကို အရင်အတိုင်း ထားလို့မရတော့ဘူးလေ။ လက်ရှိပေါက်ဈေးအတိုင်းတွက်ပြီး ဈေးတွေကို လျှော့ရောင်းရတယ်။ ပြည်တွင်းသုံးစွဲသူတွေကတော့ ဝယ်ရတာ အလွန်ကိုက်ပါတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က လေးသိန်းကျော်တန်ဖိုးရှိတဲ့ i series တွေ အခုဆိုရင် ကျပ်သုံးသိန်းကျော်အထိ ဈေးကျလာတယ်"ဟု မဟာဗန္ဓုလပန်းခြံလမ်းအတွင်းရှိ ကွန်ပျူတာဆိုင်များမှ ပြောကြားသည်။ အထူးသဖြင့် နည်းပညာမြင့် နောက်ဆုံးပေါ် ကွန်ပျူတာလက်တော့ပ်များနှင့် ဆက်စပ်ပစ္စည်းများ အများဆုံး ဝယ်ယူကြပြီး ဂျီအက်စ်အမ်ဟန်းဆက် အများစုမှာလည်း မော်ဒယ်လ်မြင့်ဖုန်းအမျိုးအစားများ အများဆုံး အရောင်းသွက်ကြကြောင်း သိရှိရသည်။ "i phone အမျိုးအစားတွေလည်း ဈေးတွေ လျှော့ရောင်းကြတယ်လေ။ ဒေါ်လာဈေးကျတော့လည်း ကုန်ပစ္စည်းတွေကို ကျဈေးအလိုက်တွက်ချက်ပြီး ရောင်းကြရတာ။ ဒီအချိန်ကတော့ ပြည်ပသွင်းကုန်ပစ္စည်းတွေ ဝယ်ထားရမယ့် အချိန်ပဲ။ ရောင်းချရတဲ့ ကုန်သည်တွေအတွက် တွက်ခြေမကိုက်ပေမယ့် ဝယ်သူအတွက်ကတော့ အလွန်တန်ပါတယ်။ ဝယ်သူတွေအနေနဲ့လည်း ဒီအချိန်မှာ အာမခံကောင်းကောင်းပေးထားနိုင်တဲ့ ဆိုင်မျိုးမှာ ဝယ်ယူသင့်ပါတယ်"ဟု Digital Arts မိုဘိုင်းလ်ဆိုင်ပိုင်ရှင် ကိုတူးဇော်က ရှင်းပြသည်။

သယ်ယူရလွယ်ကူသည့် လက်တော့ပ်ကို တွေ့ရစဉ်။

● *ရှေ့ဖုံးမှ*

အမျိုးသားတစ်သက်တာစာပေဆုကိုလည်း တိုးမြှင့်ချီးမြှင့်ပေးခဲ့ပါကြောင်း၊ ယင်းစာပေဆုသည် မြန်မာနိုင်ငံ၌ အမြင့်ဆုံးသော အမျိုးသားစာပေဆုဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသား စာပေဆုပေါင်း(၁၅)ဆု ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုကော်မတီအနေဖြင့် ၂၀၁၁ ခုနှစ် မေ ၂၃ ရက်တွင် အမျိုးသားစာပေဆုချီးမြှင့်ရေး ပထမအကြိမ်အစည်းအဝေးကိုပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေး၌ အင်္ဂလိပ်စာပေ ရေးသားပြုစု ဖတ်ရှုလေ့လာမှုများ တိုးတက်လာစေရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် စာအုပ်များထဲမှ အကောင်းဆုံးသော အင်္ဂလိပ်ဘာသာဆုကိုလည်း ချီးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ အမျိုးသားစာပေဆု (၁၆)ဆု ချီးမြှင့်ပေးတော့မည်ဖြစ်ပါကြောင်း၊ အမျိုးသားစာပေဆု ဆုကြေးများနှင့်ပတ်သက်၍ အမျိုးသားစာပေဆုအတွက် မူလချီးမြှင့်ငွေကျပ်သုံးသိန်းမှ ငါးသိန်း၊ အမျိုးသားတစ်သက်တာစာပေဆုအတွက် မူလချီးမြှင့်ငွေကျပ်ခြောက်သိန်းမှ ရှစ်သိန်းအထိ တိုးမြှင့်ပေးရန်ကိုလည်း အဆိုပါအစည်းအဝေးက ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါကြောင်း။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ယနေ့ ပါတီစုံဒီမိုကရေစီ အစိုးရလက်ထက်တွင် အာဇာနည်နေ့၌ မြန်မာ့အသံမှ ဥသြဆွဲသံကို ပြန်လည်ထုတ်လွှင့်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပါလီမန်ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့တွင် အာဇာနည်နေ့၌ မြန်မာ့အသံက ဥသြသံထုတ်လွှင့်ပြီး အလေးပြုသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့သည့်ကာလက ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာနိုင်ငံအနှံ့တွင် မော်တော်ယာဉ်သုံးစွဲမှု၊ မော်တော်ဆိုင်ကယ်သုံးစွဲမှု၊ စက်ဘီးသုံးစွဲမှုများ နည်းပါးခဲ့ပါကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်သုံးစွဲမှု အင်မတန်နည်းပါးခဲ့ပါကြောင်း၊ ထိုအချိန်က မြန်မာ့အသံက ဥသြသံထုတ်လွှင့်ပြီး ဥသြသံကြားသည်နှင့် ရပ်တန့်အလေးပြုရသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့သော်လည်း ယာဉ်သွားလာမှုနည်းပါးသည့်အတွက် တစ်စုံတစ်ရာ ပြဿနာ၊ အန္တရာယ်မရှိခဲ့ပါကြောင်း၊ သို့သော်လည်း ယနေ့အခါတွင်မူ

ပြည်ထဲရေးဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အင်းစိန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

မေးမြန်း

ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများ အပါအဝင် မြန်မာနိုင်ငံအနှံ့မြို့ကြီး၊ မြို့လတ်၊ မြို့ငယ်ဒေသအားလုံး၌ မော်တော်ယာဉ်သုံးစွဲမှု၊ မော်တော်ဆိုင်ကယ်သုံးစွဲမှု၊ စက်ဘီးသုံးစွဲသွားလာမှုများ အင်မတန်များပြားပါကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ် သုံးစွဲမှု ပိုမိုများပြားလာသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ထိုကဲ့သို့ ယာဉ်သုံးစွဲမှု များပြားလာသည့်အတွက် အာဇာနည်နေ့၌ မြန်မာ့အသံက ဥသြသံထုတ်လွှင့်ပြီး ကြားသည့်အချိန်တွင် သွားလာနေသည့်ယာဉ်များအားလုံးက ရုတ်တရက် ရပ်တန့်အလေးပြုကြမည်ဆိုပါက မလိုလားအပ်သည့် အန္တရာယ်ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါကြောင်း။

မြန်မာ့အသံက ဥသြသံထုတ်လွှင့်အလေးပြုခြင်းကို မဆောင်ရွက်သော်လည်း ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ အာဇာနည်နေ့အခမ်းအနားကို တင့်တင့်တယ်တယ် ပြုလုပ်ပြီး သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများ၊ ပြည်သူများ တက်ရောက် ဂါရဝပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး တက်ရောက်ဂါရဝပြုလျက်လည်း ရှိကြပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏အမြင့်ဆုံးဖြစ်သည့် အထွတ်အထိပ် နိုင်ငံတော် အလံကိုလည်း မြန်မာနိုင်ငံအနှံ့ တိုင်ဝက်ကို လျှော့ချပြီး အလေးပြုလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် ပြည်သူများအနေဖြင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကျေးဇူးကို အမှတ်တရသတိရပြီး ဂုဏ်ပြုနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့်အတွက် လူငယ်လူရွယ်များအပါအဝင် မြန်မာနိုင်ငံပြည်သူတစ်ရပ်လုံးအနေဖြင့် အင်္ဂလိပ်နယ်ချဲ့ အပါအဝင် နယ်ချဲ့၏အန္တရာယ်ကိုလည်း အစဉ်သတိပြုနိုင်စေရန်၊ အလားတူ အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့် ဆောင်ရွက်နိုင်သော စိတ်ထားများ တိုးမြင့်ပေါ်ပေါက်လာစေနိုင်ရန် ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အာဇာနည်နေ့တွင် မြန်မာ့အသံက ဥသြသံ ထုတ်လွှင့်အလေးပြုသည့် အစီအစဉ်ကို ပြန်လည်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၏ **တိုင်းရင်းသားများ ပြန်လည်သွေးစည်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနှင့် အစိုးရသစ်နှင့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေးရေး ကိစ္စတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများနှင့် ပတ်သက်၍ ယနေ့အခါတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင်

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်ရန်၊ လေ့လာပေးနိုင်ရန်အတွက် ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အလားတူ နိုင်ငံတော်အစိုးရဘက်ကလည်း ကြေညာချက်ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ဤမေးခွန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဖြေကြားရန် ဆောင်ရွက်ဆဲဖြစ်သည့်အတွက် နောက်ရက်များကျမှ ဆက်လက်ဖြေကြားသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းလေးခုကို မေးမြန်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၏ **ရန်ကုန်မြို့ အပါအဝင်မြို့ကြီးများ၌ တောင်းရမ်းစားသောက်သူများရှိနေကြပြီး ထိုအပြုအမူများမှာ စာရိတ္တမဏ္ဍိုင်ပျက်ပြားစေခြင်း၊ မြို့အင်္ဂါရပ်ကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေပါကြောင်း၊ သို့ဖြစ်၍ တောင်းရမ်းစားသောက်သူများ ပပျောက်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများ၌ တောင်းရမ်းစားသောက်သူများပပျောက်ရေးကို သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီများကလည်းကောင်း၊ အခြားမြို့ကြီးများ၌ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်းကောင်း စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့၌ အခြေအနေမဲ့များနှင့် မိဘမဲ့ လေလွင့်ကလေးသူငယ်များ ပပျောက်ရေးအဖွဲ့ကို ၂၀၁၁ ခုနှစ် ဇွန် ၆ ရက်က အသစ်ပြန်လည် ပြင်ဆင်ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြေအနေမဲ့ ကလေးသူငယ်များ တွေ့ရှိပါက သက်ဆိုင်သည့် သင်တန်းကျောင်းများသို့ ပို့ဆောင်ထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

ကိုယ်လက်အင်္ဂါမသန်စွမ်းသည့်သူများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့်သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းပြီး စောင့်ရှောက်ကျွေးမွေးလျက်ရှိသကဲ့သို့ တောင်းရမ်းစားသောက်သည့်သူများကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်းရမ်းစားသောက်သူများ ပပျောက်စေရန်အတွက် ထိန်းသိမ်းရေးစခန်းများ၊ သင်တန်းကျောင်းများဖွင့်လှစ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ကြားပေးခြင်းစသည့်လုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ယနေ့အချိန်တွင် ရပ်ကွက်များအတွင်း လောင်းကစားမှုများ ကင်းရှင်းလာပြီဖြစ်သော်လည်း လိုင်စင်ရအအေးခန်းဧည့်ရိပ်သာအမည်ခံ ပြည့်တန်ဆာခန်းများ၊ နိုက်ကလပ်များ၊ ကေတီဗွီများ၊ ကာရာအိုကေဆိုင်များနှင့် အလှပြင်ခန်းများအမည်ခံ အနှိပ်ခန်းများရှိနေသေးသဖြင့် ထိရောက်စွာအရေးယူ တားမြစ်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အအေးခန်းဧည့်ရိပ်သာအမည်ခံထားသည့် ပြည့်တန်ဆာအခန်းများနှင့်ပတ်သက်ပြီး ပြည့်တန်ဆာလုပ်ငန်းကို ခွင့်ပြုထားခြင်းမရှိသည့်အတွက် ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေဖြင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုက်ကလပ်များကို ဖွင့်လှစ်ရန်အတွက် တရားဝင်ခွင့်ပြုထားခြင်းမရှိသည့်အတွက် စီးပွားရေးသမားများအနေဖြင့် Music Club, Bar, KTV၊ စားသောက်ဆိုင်၊ ကဖီး စသည့် နာမည်ခံပြီး စည်ပင်သာယာရေးမှ လိုင်စင်ရယူကာ ကပွဲခန်းမတွဲဖက်ဖန်တီးထားခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ အနှိပ်ခန်းများဖွင့်လှစ်ရန်အတွက် တရားဝင်ခွင့်ပြုထားခြင်းမရှိသကဲ့သို့ သီးခြားဥပဒေပြဋ္ဌာန်းထားခြင်းလည်းမရှိသည့်အတွက် ဒေသန္တရတားမြစ်မိန့် ထုတ်ပြန်ပြီး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောင်ရွက်သွားမည်

ပြောင်းလဲလာသော မြို့ပြလူနေမှုပုံစံအရ လူမှုရေးလိုအပ်ချက်နှင့် စိတ်အပန်းဖြေမှုအတွက် အအေးခန်းဧည့်ရိပ်သာ၊ တည်းခိုခန်း၊ ကေတီဗွီ၊ ကာရာအိုကေဆိုင်များနှင့် အလှပြင်ခန်းများကို မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်မှုမရှိစေဘဲ ဥပဒေစည်းမျဉ်းစည်းကမ်းများသတ်မှတ်ကာ သက်ဆိုင်ရာဌာနများက ခွင့်ပြုထားခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဖွင့်လှစ်ခွင့်ပြုထားရာမှ အချို့စီးပွားရေးလုပ်ငန်းရှင်များက မိမိအကျိုးစီးပွားတစ်ခုတည်းအပေါ်ကိုသာကြည့်ပြီး စည်းမျဉ်းစည်းကမ်းများချိုးဖောက်၍ စီးပွားရှာကြခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရသည့် အအေးခန်းတည်းခိုခန်း၊ ကေတီဗွီ၊ ကာရာအိုကေဆိုင်နှင့် အလှပြင်ခန်းများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ နောင်တွင်လည်း ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ ပါ "အများကြည်ညိုလေးစားပြီး အကျင့်သိက္ခာ သမာဓိရှိသူ" ဆိုသည့်အချက်နှင့် ဆန့်ကျင်နေသူများပါဝင်နေပါကြောင်း၊ အဘယ်ကြောင့် ယခုကဲ့သို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအဖြစ် တာဝန်ပေးအပ်သည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ခန့်အပ်ရာတွင်

စာမျက်နှာ ၅ ကော်လံ ၅ သို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **တစ်မှတ်တန်ဖိုး** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
- ၆:၄၅ **ရှုတိုင်းလှသည် ပထက်တောင်အတုလရံသီ**
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၁၀၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၉)
- ၈:၅၀ Activities in the City -School of Logistic & Supply Cham Management -တေးသံရှင် သက်မှူးဟေသီ၏ တေးစီးရီးစာနယ်ဇင်းမိတ်ဆက်ပွဲ
- ၉:၂၀ လရောင်ဆမ်းမှ လန်းနိုင်ပါမည်
- ၉:၄၀ Movie Talk (ကြွေလွင့်ကြယ်ပွင့်များ) (အပိုင်း-၉) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၀:၁၀ သူတို့ပြောတဲ့ သူတို့အကြောင်း (ဟာသသရုပ်ဆောင် မိုးဒီနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၀:၄၀ ဖက်ရှင်လမ်းညွှန် (Fashion Euphoria)
- ၁၁:၀၅ Activities in The City (Premier Full Cream Milk Powder) မိတ်ဆက်ပွဲ (အခမ်းအနား)
- ၁၁:၂၀ ပိဋ္ဋကသုံးပုံ DVD အကြောင်း သိကောင်းစရာ
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
- ၁၂:၃၅ မူဟန်ကိုယ်စီ တေးကိုသီ
- ၁:၀၀ **တစ်မှတ်တန်ဖိုး** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၁၀၇)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၉)
- ၅:၁၀ သာသနာပြုရာ ရွှေပေါ်ကျွန်း စခန်းသာ
- ၅:၃၀ စိတ်ကူးအိပ်မက် အနာဂတ်အတွက် **YIUS**
- ၅:၄၅ Activities in the City (ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်း၏ အလှူငွေပေးအပ်ပွဲ)
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ VJ Choice
- ၆:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၁၀၈)
- ၇:၄၅ အနုပညာမိုးကောင်းကင်
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ Intellectual Talk (Change Management)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၀)
- ၁၀:၂၀ ဂီတသရုပ်ပြခန်း (တွယ်တာ)
- ၁၀:၄၅ ဂီတနက်သန် ကိုစောညိန်းသို့ ဂုဏ်ပြုခြင်း အမှတ်တရ တေးသီချင်းများ (အပိုင်း-၅)
- ၁၀:၅၅ World of Knowledge (Samurai Bow)
- ၁၁:၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
- ၁၂:၀၀ Shooting Location (ခင်ယုမေ အိမ်)
- ၁၂:၂၅ မြန်မာ့ **အိုး**
- ၁၂:၃၀ အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
- ၁:၁၅ လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊အရိုင်း၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
- ၁:၂၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခင်သီတာအုန်း)
- ၁:၅၀ ကော်ဇောမှာအသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
- ၂:၁၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
- ၂:၃၀ စိတ်ဝင်စားစရာ မုန့်လုပ်နည်းပညာ (Myanmar Baking Training Center မှာ...)
- ၂:၅၀ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၄:၁၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
- ၄:၃၀ တန်ခိုးထွဋ်ခေါင် ရွှေနတ်တောင်
- ၄:၅၀ သမထကျင့်စဉ် လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
- ၅:၀၀ အစီအစဉ်ပြီး၏။

○ ***ရှေ့ဖုံးမှ***

ဖွဲ့စည်းထူထောင်ပေးထားပြီးဖြစ်သည့် အပြင် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်အောင် ဝန်ကြီးဌာနက အထောက်အကူပေးသွားမှာ ဖြစ်ပါကြောင်း။

ဖြေကြား

ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်ရှိ ဟိုတယ်ဇုန် (၄)သည် ၁၉၉၆ ခုနှစ် ကတည်းက ဟိုတယ်ဇုန်အဖြစ် သတ်မှတ်ခဲ့ပြီး မြေကွက်အချို့ကို သတ်မှတ်ရောင်းချထားပြီးဖြစ်ပါကြောင်း၊ ပုဂံဒေသတွင် ကမ္ဘာလှည့်ခရီးသည် ပိုမိုများပြားလာလျှင် တည်းခိုနေထိုင်နိုင်ရန် ဟိုတယ်ဇုန် (၄)တွင် ဦးစားပေးတည်ဆောက်စေမည် ဖြစ်ပြီး ကျန်ဟိုတယ်ဇုန်နေရာများတွင်လည်း ဆက်လက်တည်ဆောက်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် လာရောက်မှု အခြေအနေအရ ရေရှည်မျှော်မှန်းပြီး ရှေးဟောင်းဇုန် နယ်မြေကင်းလွတ်သည့် နေရာများတွင် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များအတွက် ဟိုတယ်ဇုန် နေရာအသစ်များ သတ်မှတ်လုပ်ကိုင်ခွင့်ပြုရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်းနှစ်ခုကို မေးမြန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅) မှ ဦးစောထွန်းမြအောင်၏ **"ဖာပွန်လေယာဉ်ကွင်းသည် ယခင်က ဒါကိုတာလေယာဉ်များ အချိန်မရွေးဆင်းသက်နိုင်သော လေယာဉ်ကွင်းတစ်ခုဖြစ်ပါကြောင်း၊ ယခုအခါ လေယာဉ်များ ဆင်းသက်မှုမရှိတော့ပါသဖြင့် အခက်အခဲများနှင့် ကြုံတွေ့နေရပါကြောင်း၊ သို့ပါ၍ ခရီးသည်တင် လေယာဉ် (သို့မဟုတ်) ရဟတ်ယာဉ် ဆင်းသက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ယခင်က ဖာပွန်လေယာဉ်ကွင်းသို့ Twin Otter အမျိုးအစား လေယာဉ်ငယ်များ ဆင်းသက်ပေးခဲ့ပါကြောင်း၊ လေယာဉ်ကွင်းရှိလေယာဉ်ပြေးလမ်းမှာ အလျားပေ (၄၀၀၀) ကျော်သာရှိသည့် ကျောက်ရော

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **"ရေနံချောင်းမြို့ဆိပ်ကမ်းတွင် ယခင်က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင်သင်္ဘောများ ဆိုက်ကပ်ခဲ့သော်လည်း ၁၉၉၄ ခုနှစ်မှစ၍ ဆိုက်ကပ်ခြင်း မရှိတော့ကြောင်း၊ သို့ဖြစ်၍ ရေနံချောင်းမြို့သို့ သင်္ဘောများ ပြန်လည်ဆိုက်ကပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များသည် ရေနံချောင်းမြို့သို့ မန္တလေး-ပြည် သင်္ဘောခရီးစဉ်ဖြင့် တစ်ပတ်(၂)ကြိမ် ဆိုက်ကပ်ပေးလျက်ရှိရာ ယခင်က ရေနံချောင်းမြို့ စနေနံရပ်ကွက်ရှိ ဆိပ်ကမ်းတွင် ရေယာဉ်များဆိုက်ကပ်ခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်မှစ၍ ရေလမ်းအခြေအနေအရ ရေများချိန် ဇွန်လမှစက်တင်ဘာလအထိ ကာလများတွင် ရေနံချောင်းမြို့ တောင်ဘက်ပိုင်း ညောင်လှရပ်ကွက်ရှိ ညောင်လှဆိပ်ကမ်းသို့ ဆိုက်ကပ်ပေးလျက်ရှိပြီး ကျန်ရေနည်းချိန်ကာလများတွင် ရေနံချောင်းမြို့မှ (၉)မိုင်ခန့်အကွာတွင်ရှိသည့် သူဌေးကုန်းရေလယ်ကျွန်းတွင် ပြောင်းရွှေ့ဆိုက်ကပ်ပေးလျက်ရှိပါကြောင်း၊ ဧရာဝတီမြစ် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို Master Plan ဖြင့် ဆောင်ရွက်လျက်ရှိပြီး မြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ကမ်းမြို့များတွင် ရာသီမရွေး သင်္ဘောများဆိုက်ကပ်နိုင်အောင်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့် ဖြေကြားသည်။

ရှင်းလင်း

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်းက **"လက်ပံတန်းမြို့နယ်၊ လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်းသည် မကြာခဏ ရထားဘီးချော်မှုများ ဖြစ်နေသဖြင့် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးမြန်းရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက **လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်းတွင် ရထားများဘီးချော်ရခြင်းမှာ လမ်းပိုင်းရှိ သစ်သားဇလီဖားများဆွေးမြည့်နေခြင်းနှင့် ကျောက်များလျော့နည်းနေခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ယင်းလမ်းပိုင်းသည် ခရီးမိုင် (၂၃ ဒသမ ၅)မိုင်ရှိပြီး သစ်သား ဇလီဖား**

အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သမ္မတပြောကြားခဲ့သည့် မိန့်ခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဒေါက်တာခင်ရွှေက မိန့်ခွန်းပါ အချက်အလက်များကို ထုတ်နုတ်တင်ပြပြီး ထောက်ခံဆွေးနွေးသည်။

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည် တင်သွင်းထားသည့် **"ပါရဂူဘွဲ့ပေးသည့် တက္ကသိုလ်များ၏ အဆင့်အတန်းမြင့်မားရေးတွင် ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှ အဆင့်မီစေပြီး၊ ဒုတိယအဆင့်အနေဖြင့် ကမ္ဘာ့အဆင့်မီစေရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) မှ ဒေါက်တာတင်ရွှေ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဇုန်လှယ်ထန်းနှင့်ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်တို့က ဆွေးနွေးကြပြီး ယင်းအဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

အတည်ပြု

ယမန်နေ့က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဝင်းမောင် တင်သွင်းထားသည့် **"ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်သာမက ဒုတိယနှစ်သင်တန်း၌ ပင်ရင်းမြန်မာစာသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်ကျော်၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှဦးစောတော်ပလဲနှင့်တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်တို့က ဆွေးနွေးကြပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး တင်သွင်းထားသည့် **"နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် တိုးမြှင့်**

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

မြေကြီးကွင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကာလရှည်ကြာစွာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှု မပြုနိုင်ခဲ့ခြင်း၊ ရာသီဥတုကြောင့် လေယာဉ်ပြေးလမ်းမျက်နှာပြင်လွှာ ချို့ယွင်းပျက်စီးမှုများ ရှိခြင်း၊ လေယာဉ်ဆင်းတက် အသုံးပြုရန် ခက်ခဲခြင်း၊ လေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်သည့် အနေအထားမရှိခြင်း၊ စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိခြင်းနှင့် လုံခြုံရေး ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် လောလောဆယ် အဆိုပါခရီးစဉ်ပြေးဆွဲရန်အစီအစဉ် မရှိသေးပါကြောင်း၊ နောင်တွင် ဖာပွန်ကဲ့သို့ နယ်စပ်ဒေသရှိ လေယာဉ်ကွင်းတို့များတွင် ဆင်းသက်နိုင်မည့် လေယာဉ်ငယ်များ ဝယ်ယူ၍ ပြေးဆွဲပေးရန် အစီအစဉ်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

(၅၁၁၃၆)တုံး ခင်းကျင်းထားပါကြောင်း၊ ယမန်နှစ်က ကွန်ကရစ်ဇလီဖား (၁၀၈၅) တုံးနှင့် သစ်သားဇလီဖား (၄၈၅၈) တုံး စုစုပေါင်း (၅၉၄၃) တုံးကို ပေးပို့၍ ပထမအဆင့် လဲလှယ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်ဇလီဖားတုံး (၁၇၂၇၆) တုံးကို ထပ်မံပေးပို့ခဲ့ပြီး သုံးလအတွင်း ထည့်သွင်းရေးအတွက် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းကို လေးလအတွင်း ပြီးစီးအောင် ဆောင်ရွက်ပြီး လမ်းခင်းကျောက်ဖြည့်သွင်းခြင်း၊ ကွေ့များကို ပြုပြင်ခြင်း၊ လမ်းပိုင်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း ဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်

ရင်းနှီးမြှုပ်နှံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာစိုးထွန်းက ဆွေးနွေးပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယမန်နေ့က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာမြဦး တင်သွင်းထားသည့် **"ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာခင်မောင်လေးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစတီဖင်သာဘိတ်တို့က ဆွေးနွေးကြပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

လက်ခံဆွေးနွေး

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်က **"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင်ခြင်းပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုလည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်ရီရီမြင့်က **"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က) မြန်မာနိုင်ငံ ကုန်အမှတ်အသားဥပဒေ၊ (ခ) လယ်ယာထွက်ကုန် ဈေးကွက်များအက်ဥပဒေ၊ (ဂ) ၁၉၄၇ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ၊ (ဃ) တင်းတောင်းစံ ပမာဏ အက်ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုလည်းကောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခက်ထိန်နန်က **"ကချင် ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျောက်စိမ်း ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုလည်းကောင်း ယနေ့ တင်သွင်းကြရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံသည့်အတွက် ယင်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

အဆိုတင်သွင်း

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ရီရီမြင့်က **"ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က) The Myanmar Telegraph Act (1885)၊ (ခ) The Myanmar Post Office Act (1898)၊ (ဂ) The Myanmar Wireless Telegraphy Act (1934) တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက မြန်မာနိုင်ငံ ကြေးနန်းအက်ဥပဒေ (The Myanmar Telegraph Act-1885)နှင့် မြန်မာနိုင်ငံ ကြိုးမဲ့ကြေးနန်းအက်ဥပဒေ (The Myanmar Wireless Telegraphy Act-1934) တို့အား ပြင်ဆင်ပယ်ဖျက်ပြီး ခေတ်၊ စနစ်တို့နှင့် လိုက်လျောညီထွေစွာ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်သွယ်ရေး ဥပဒေ(မူကြမ်း)ကို ပြင်ဆင်ပြုစု၍ ပြည်ထောင်စုရှေ့နေချုပ် ရုံးသို့ ပေးပို့သဘောထား မှတ်ချက်တောင်းခံထားပါကြောင်း၊ သဘောထားမှတ်ချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်လည် ဖြေကြား

ဟိုတယ် နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီး ဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်း မေး မြန်း ချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ စာပို့တိုက်အက်ဥပဒေ (The Myanmar Post Office Act-1898)အား ပြင်ဆင်ဖြည့်စွက်ပြီး ခေတ်နှင့်အညီ ပြဋ္ဌာန်းနိုင်ရေးအတွက် စာပို့တိုက်အက်ဥပဒေ(မူကြမ်း) အား ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထား မှတ်ချက်ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

သဘောတူ

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ယင်းဥပဒေကြမ်းများအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ဆက်လက်ကျင်းပ

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၂၆ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၅)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ယမန်နေ့က တင်သွင်းခဲ့သည့် အဆို (၄)ခုကို အတည်ပြုခြင်း၊ အဆိုသစ် (၄) ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၂) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး မေးမြန်းစဉ်။
(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း မေးမြန်းစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၁၅ ၈။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈:၃၀ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသမီး)**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၁၅ ၈။ **အများပြည်သူကျန်းမာရေးအတွက်ပြည့်စုံ ကန့်ဘလူ ခုတင် (၁၀၀)ဆံ့ဆေးရုံ**
- ၅:၂၅ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသမီး)**
- ၅:၃၅ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၂၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **လျှပ်တစ်ပြက်ဟာသများ**
- ၁၉။ **စိန်ခြယ်ဖြာရောင်လင်း** သုမောင်၊ ရူပ၊ ဖိုးသောကြာ၊ မေသဥ္ဇာဦး (ဒါရိုက်တာ-သုမောင်)
- ၂၀။ **သီချင်းချစ်သူ** (ထက်နေခြည်)
- ၂၁။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးမြို့ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့သည် ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာကိုလေးနှင့် ဆေးရုံနာယကအဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မန္တလေးတိုင်းဒေသကြီး သာသနာ့နုဂ္ဂဟ အသင်းဝင်များနှင့် တွေ့ဆုံပြီး ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်းများနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် အောင်နံ့သာကွက်သစ် ဝေဘူတောင်ခြေရှိ ရွှေဟောင်းကျောင်းတော်ကြီးနေရာ၌ အသစ်ဆောက်လုပ်လှူဒါန်းသော သုမင်္ဂလာဝိမိနိသိမ်တော်၊ သဒ္ဓမ္မဝေပုလ္လကျောင်း မုခ်ဦး၊ ရေကန်၊ တံတားတို့နှင့် တံတိုင်း ၁၅ ခန်း လှူဒါန်းပွဲ အလှူတော်မင်္ဂလာရေစက်ချအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၅

လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့ဝင်များသည် ယနေ့ ညနေ ၄ နာရီတွင် တာမွေမြို့နယ် နတ်မောက်လမ်းရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံး၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ ထို့နောက် ညနေ ၅နာရီခွဲတွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

မစ္စတာ သောမတ် အိုဟေး ကွင်တားနားသည် ညနေ ၆နာရီ ၂၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ခန်းမ၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊စာနယ်ဇင်းများမှ အယ်ဒီတာအဖွဲ့ဝင်များ၊ သတင်းထောက်များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး ညပိုင်းတွင် အဖွဲ့ဝင်များနှင့်အတူ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ခြင်နှိမ်နင်းရေး စက်ပစ္စည်းများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ခြင်နှိမ်နင်းရေး စက်ပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဥဇ္ဇနာလမ်းရှိ ဓမ္မာရုံ၌ ကျင်းပရာ Environmental Essentials မှ Senior Advisor ဦးသက်ဝင်းက ခြင်နှိမ်နင်းသည့်ဆေးရည်၊ စက်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးလှမြင့်အား စင်ကာပူသမ္မတနိုင်ငံ Environmental Essentials PTE Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Peter Pong က မြို့တော်စည်ပင်သာယာကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန် ဂျာမနီနိုင်ငံမှ ထုတ်လုပ်သည့် Agro Thermal Fogger AF 35၊ Agro ULV Cold Fogger ခြင်နှိမ်နင်းရေး စက်ပစ္စည်းများနှင့် ဩစတြေးလျနိုင်ငံမှ ထုတ်လုပ်သည့် Aquation AMF Liquid ခြင်သားလောင်းနှိမ်နင်းသည့် ဆေးရည်များကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် ပထမအကြိမ် ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ရွတ်ဆိုပြိုင်ပွဲဆုပေးပွဲကို ဩဂုတ် ၂၁ ရက် ညနေ ၃ နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အသင်းလိုက်ပထမဆုရ ကွမ်းခြံကုန်းမြို့နယ်၊ ဒုတိယဆုရ သုံးခွမြို့နယ်၊ တတိယဆုရ သန်လျင်မြို့နယ်၊ ဓမ္မစကြာအမွှမ်းအကောင်းဆုံးပထမဆုရ တွံတေးမြို့နယ်မှ ဒေါ်ခင်ဝင်းကြည်၊ ဒုတိယဆုရ ဒလမြို့နယ်မှ ဒေါ်မိုးမိုးဝင်း၊ တတိယဆုရ ကွမ်းခြံကုန်းမြို့နယ်မှ ဒေါ်ခင်အေးကြည်၊ နှစ်သိမ့်ဆုရ မြို့နယ်များအား ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်ခင်မြင့် **(အပေါ်ယာပုံ)**နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၉)

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့သပ်ကျေးရွာရှိ လယ်ယာကုန်ထုတ်အသင်းမှ အသင်းသား ၅၂ ဦး ထံသို့ စိုက်ပျိုးစရိတ်ချေးငွေ ၁၉၄၃သောင်း ၄သိန်း ပေးအပ်ပွဲကို ဩဂုတ် ၁၁ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ကျေးရွာလယ်ယာကုန်ထုတ်အသင်းဥက္ကဋ္ဌ ဦးအောင်မင်းထံ စိုက်ပျိုးစရိတ် ချေးငွေများ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

တိရစ္ဆာန်ကျန်းမာရေးအကူ သင်တန်းဖွင့်

ဝမ်းတွင်း ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးအကူ လုပ်သားသင်တန်းကို မြို့နယ်ဦးစီးမှူးရုံးတွင် ဩဂုတ် ၁၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဦးစီးအရာရှိ ဒေါက်တာ ညွန့်ညွန့်ရီနှင့် ဒုတိယဦးစီးမှူး ဒေါက်တာမင်းအောင်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေများကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသားများက သိရှိလိုသည်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မွေးမြူရေး)**

❐ ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ)က လည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းသည် အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Col. Rajesh Kumar လည်း တက်ရောက်သည်။

ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ဇနီးတို့သည် အိန္ဒိယရေတပ် ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဒုဋ္ဌဝတီနှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၇၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သတင်းထုတ်ပြန်ထား

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၈စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (၁ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

စာမျက်နှာ ၃မှ

အများကြည်ညိုလေးစား၍ အကျင့်သိက္ခာသမာဓိရှိသူများအားရွေးချယ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောထားရယူလျက် ခရိုင်အုပ်ချုပ်ရေးမှူး၏ စီမံခန့်ခွဲပိုင်ခွင့်အရ ခန့်အပ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ခန့်အပ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၈၈ခုနှစ် အမိန့်နှင့် ညွှန်ကြားချက်များ ပေါင်းချုပ်စာအုပ်နှင့် ၁၉၈၉ ခုနှစ် ရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏လုပ်ငန်းတာဝန်နှင့် လုပ်ငန်းဆောင်ရွက်မှုစနစ် စာအုပ်တို့ကို ကိုးကားပြီး ထုတ်နုတ်ထားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ခဲ့ပါကြောင်း။

အဆိုပါ အရည်အချင်းသတ်မှတ်ချက်များမှာ ရပ်ကွက်/ကျေးရွာအုပ်စုမှ ကြည်ညိုလေးစားသူ၊ မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မျှ ပါဝင်ခဲ့သူမဖြစ်စေရေး၊ အစိုးရအဖွဲ့အဆက်ဆက်တွင် နေရာယူခဲ့ကြသော ပွဲလန့်ဖျာခင်းသူများ မဖြစ်စေရေး၊ မိသားစု၊ ဆွေမျိုးစုအင်အားဖြင့် ခေတ်အဆက်ဆက်ဆိုးမိုက်နေသူများ မဖြစ်စေရန် မြို့နယ်အဖွဲ့အစည်းသို့ ချဉ်းကပ်ပြီး အခွင့်အရေးကို လက်ဦးမှုရယူတတ်သူများ မဖြစ်စေရန်၊ ပြီးခဲ့သည့်အရေးအခင်းများတွင် ပါဝင်လှုပ်ရှားခဲ့သူများ၊ နည်းမျိုးစုံဖြင့် အားပေးအားမြှောက်ပြုသူများ မဖြစ်စေရန်၊ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများနှင့် တပ်မတော်အပေါ် အမြင်မကြည်လင်သူများ၊ ဆန့်ကျင်သူများမဖြစ်စေရန်၊ အမှုအခင်းမရှိသော နယ်ဘက်၊ စစ်ဘက်မှ အငြိမ်းစားများ၊ ရပ်မိရပ်ဖထဲမှ ကြည်ညိုလေးစားမှုရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်သူများကို စိစစ်ရွေးချယ်ရန်၊ ရပ်ကွက်/ ကျေးရွာအုပ်စုစာရေးမှအပ တာဝန်ထမ်းဆောင်ဆဲ အခြားဝန်ထမ်းများကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း မပြုရန်၊ ပြစ်မှုကျူးလွန်သူများ၊ ပြစ်ဒဏ်ကျခံရသူများ၊ ဆိုးသွမ်းသူများနှင့် ရပ်ရွာလူထု၏ ကြည်ညိုလေးစားမှု မရှိသူများ မဖြစ်စေရန်တို့ ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကိုက်ညီမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ပြည်သူများ၏ နေအိမ်ခြံဝန်းများအတွက် ဂရန်ပြုလုပ်ခြင်းလုပ်ငန်းများ ဆိုင်းငံ့ထားသည်ကို သိရှိရသဖြင့် ဥပဒေနှင့် ညီညွတ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးများအား ယခင်အတိုင်းဆောင်ရွက်ပိုင်ခွင့် ပေးနိုင်/မပေးနိုင်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇(က)တွင် ပါဝင်သည့် 'နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်' ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင် မြေသယံဇာတများဖြစ်သော မြို့နှင့်ကျေးရွာ မြေ၊ မြေယာ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲရန်အတွက် ဝန်ကြီးဌာနအလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားပြီး ခေတ်ကာလနှင့်အညီ ဥပဒေလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရန်အတွက် မူကြမ်းရေးဆွဲလျက်ရှိပါကြောင်း။

၁၈၇၆ ခုနှစ် မြေနှင့်အခွန်နည်းဥပဒေ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေနှင့် နည်းဥပဒေများ၊ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများဥပဒေ၊ ၁၉၀၇ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာ မြေများနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေ(၁)ကေအထိ အကျယ်အဝန်းကို ခရိုင်အုပ်ချုပ်ရေးမှူးက ထောက်ခံတင်ပြ၍လည်းကောင်း၊ မြေ(၁)ကေအထက်မှ (၅)ကေအထိ အကျယ်အဝန်းကို တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးက ထောက်ခံတင်ပြ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးမှလည်းကောင်း၊ မြေ(၅)ကေအထက် အကျယ်အဝန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထောက်ခံတင်ပြ၍ ပြည်ထဲရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးမှလည်းကောင်း မြေငှားဂရန်ချထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် တစ်စုံတစ်ရာအငြင်းပွားဖွယ်ရှိပါက မြေအကျယ်အဝန်း မည်မျှပင်ဖြစ်စေကာမူ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ထံ အဆင့်ဆင့်တင်ပြသဘောထား ရယူ၍ စိစစ်ပြီးမှသာ မြေဂရန်များချထားဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ယမန်နေ့က တင်သွင်းခဲ့သည့် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထေမဲ့မြင်ပြုမှု အက်ဥပဒေ (The Contempt of Courts Act., Act XII, 1926)ကို ရုပ်သိမ်းပေးပါရန်"** အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးကြပြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဦးသိန်းညွန့်၏ အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေက များသည့်အတွက် လွှတ်တော်က အတည်မပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **"အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း"** အဆိုနှင့် **"၂၁ ရာစုနှင့်ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲ ပြုစုပြီး တတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များပြုလုပ်ပေးပါရန်"** အဆိုတို့ကို ယနေ့တင်သွင်းသည်။

ယင်းအဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ဩဂုတ် ၂၉ ရက် (တနင်္လာနေ့)တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဩဂုတ် ၂၆ ရက် ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မွန်းလွဲ ၂ နာရီတွင် ရပ်နားပြီး အစည်းအဝေးပဉ္စမနေ့ကို ဩဂုတ် ၂၆ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ

၆ ပေ ၈ လက်မခန့် ရှည်သည့် အဖီး ၁၅၀ ခန့်ရှိ ငှက်ပျောခိုင်

ကြို့ပင်ကောက် ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် နွယ်ခွေရပ်ကွက် ဗားကရာကျောင်းတိုက်တွင် အရှည် ၆ ပေ ၈ လက်မခန့်ရှိပြီး အဖီး ၁၅၀ ခန့်ရှိသည့် ငှက်ပျောခိုင်တစ်ခိုင်ကို ဩဂုတ် ၂၄ ရက်က ထူးထူးခြားခြား တွေ့လိုက်ရသည်။

အဆိုပါ ငှက်ပျောခိုင်သည် ဧပြီ ၅ ရက်တွင် အညွန့်အဖူးစတင်ထွက်လာသည်ဟု သိရှိရပြီး ၎င်းအပင် စိုက်ပျိုးသူမှာ နွယ်ခွေရပ်ကွက် ပျဉ်တောင်တွင်းကမ်းမှ ဦးသန်းထွန်း (ကြိမ်ဆိုင်)ဖြစ်ကြောင်း သိရှိရသည်။

(၁၁၁)

ဂန့်ဂေါ၌ မိုးနှမ်းပေါ်၍ နှမ်းဈေး၊ ဆီဈေး ကျဆင်း

ဂန့်ဂေါ ဩဂုတ် ၂၅

ဂန့်ဂေါမြို့နယ်တွင် မိုးနှမ်းပေါ်ပြီဖြစ်၍ နှမ်းဈေး၊ ဆီဈေးများ သိသိသာသာကျဆင်းသွားသည်။ နှမ်းသစ်မပေါ်မီ ဇွန်လက နှမ်းတစ်တင်း ကျပ် ၂၃၀၀၀၊ နှမ်းဆီ တစ်ပိဿာ ကျပ် ၃၅၀၀ ရှိရာမှ နှမ်းသစ်ပေါ်ချိန်တွင် နှမ်းတစ်တင်း ကျပ် ၁၂၀၀၀၊ ဆီတစ်ပိဿာ ကျပ် ၂၀၀၀ သာ ဈေးနှုန်းပေါက်သည်။ မိုးနှမ်းစိုက်ပျိုးချိန်က တစ်တင်းနှုန်း ကျပ် ၁၅၀၀၀ ဖြင့် ကြိုတင်ငွေချေဝယ်ယူကြသည်များလည်းရှိရာ နှမ်းပေါ်ချိန်၌ ခန့်မှန်းသည်ထက် ဈေးလျော့ကျနေသည်ဟု သိရှိရသည်။

(၁၀၁)

ဒလ-ရန်ကုန်ကမ်းကူး စက်တပ်ရေယာဉ်များ အချိန်တိုးမြှင့် ပြေးဆွဲ

ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေ

ဒလ ဩဂုတ် ၂၅

ယခုအခါ ရန်ကုန်မြစ်ကိုဖြတ်၍ ဒလနှင့်ရန်ကုန် အသွားအပြန် ခုတ်မောင်းပို့ဆောင်ပြေးဆွဲနေသော စက်တပ်ရေယာဉ် (စက်သမ္ဗန်) ဆိပ်များဖြစ်ကြသည့် သမတကမ်းခြေ ကူးတို့သမဝါယမလီမိတက် စက်တပ်ရေယာဉ်ဆိပ်မှ ဗိုလ်တထောင်ဘုရားဆိပ်ကမ်း၊ ကမာအောင် စက်တပ်ရေယာဉ်ဆိပ်မှ (ဆိပ်ကမ်းမြို့နယ်) နန်းသီတာဆိပ်ကမ်း၊ သံလျပ်စက်တပ်ရေယာဉ်ဆိပ် (ကားဂိတ်)မှ နန်းသီတာဆိပ်ကမ်း၊ ရေကန်စက်တပ်ရေယာဉ်ဆိပ် (ဗိုလ်ရန်ပြေ)မှ ရန်ကုန် စဥ့်အိုးတန်းဆိပ်ကမ်း ကမာကသွယ်ကူးတို့ သမဝါယမလီမိတက် စက်တပ်ရေယာဉ်ဆိပ်မှ ရန်ကုန်စဥ့်အိုးတန်းဆိပ်ကမ်း စက်မြေကူးတို့ သမဝါယမလီမိတက် စက်တပ်ရေယာဉ်ဆိပ်မှ ရန်ကုန်စဥ့်အိုးတန်းဆိပ်၊ ကမာကဆစ်ကူး တို့ သမဝါယမလီမိတက် စက်တပ်ရေယာဉ်ဆိပ်မှ ရန်ကုန်စဥ့်အိုး တန်းဆိပ်၊ ငြိမ်းချမ်းရေး စက်တပ်ရေယာဉ်ဆိပ် (ကမာကဆစ်) မှ ရန်ကုန်စဥ့်အိုးတန်းဆိပ်၊ မော်စက်ကူးတို့ သမဝါယမလီမိတက် စက်တပ်ရေယာဉ်ဆိပ်မှ ရန်ကုန်မော်တင်ဆိပ်၊ ဆာဖာချောင်စက် တပ်ရေယာဉ်ဆိပ်မှ ရန်ကုန်မော်တင်ဆိပ်၊ ကျောင်းစုစက်တပ်ရေယာဉ်ဆိပ်မှ ရန်ကုန်မော်တင်ဆိပ် စသည့် ရေယာဉ် ၁၁ ဆိပ်များတွင် ရန်ကုန်-ဒလ အသွားအပြန်ခရီးကို နေ့စဉ်ပုံမှန် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

ပြေးဆွဲပေးလျက်ရှိ

ထိုသို့ ပို့ဆောင်ပြေးဆွဲပေးနေသော စက်တပ်ရေယာဉ်များမှ

ခရီးသည် တစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ဒီဇယ်အင်ဂျင်တပ် စက်တပ်ရေယာဉ်အဖွဲ့များမှ ရေယာဉ်တစ်စင်းလျှင် ၁၂ ဦးနှုန်းဖြင့် နေ့စဉ်ပုံမှန် ပြေးဆွဲပေးလျက်ရှိသည်။

အဆင်ပြေ

အဆိုပါ စက်တပ်သမ္ဗန်များကို ယခင်က နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ပြေးဆွဲပို့ဆောင်ပေးနေရာမှ ယခုအခါ ဩဂုတ် ၂၁ ရက်မှစတင်၍ နံနက် ၄ နာရီမှ ည ၁၂ နာရီအထိ တိုး၍ အချိန်တိုးမြှင့်ပြေးဆွဲပေးခဲ့သဖြင့် ရန်ကုန်မြို့မှ ဒလသို့ အိမ်အပြန် ခရီးသွား ပြည်သူများ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ အဆင်ပြေလျက်ရှိသည်ဟု ခရီးသွားပြည်သူများ၏ ပြောကြားချက်အရ သိရှိရသည်။

(မြန်မာ့အလင်း)

မော်တော်ယာဉ်များ စက်သုံးဆီထုတ်ယူရာ၌ အဆင်ပြေစေဖို့ ကတ်စနစ်ဖြင့် အစားထိုးပြောင်းလဲမည်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း ဒေသကြီးအတွင်း စက်သုံးဆီထုတ်ယူရာ၌ ဆီစာအုပ်အစား Smart Card စနစ်အား စတင် အကောင်အထည်ဖော်နေသည်မှာ သုံးရက်ခန့်ရှိနေပြီ ဖြစ်ကြောင်း သိရှိရသည်။ "ဩဂုတ် ၂၂ ရက်ကနေစပြီး စမ်းသပ်တဲ့အနေနဲ့ မော်တော်ယာဉ်အချို့ကို စတင်ပြီး ပြောင်းလဲပေးနေပါတယ်။ ရန်ကုန်မြို့တွင်းက စက်သုံးဆီသုံးစွဲသူ အားလုံးကိုတော့ တရားဝင်ပြောင်းခွင့်ရဖို့ မကြာခင်မှာပဲ သတင်းထုတ်ပြန်ပေးပါ့မယ်။ အခုအချိန်မှာတော့ စမ်းသပ်ဆဲကာလဖြစ်တဲ့အတွက် လိုအပ်တဲ့ စစ်ဆေးမှုတွေပြုလုပ်နေပါတယ်"ဟု မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်းမှ သိရသည်။

အဆိုပါ အသင်းအနေဖြင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဆီ စာအုပ်အစားထိုး Smart Card ပြောင်းလဲသုံးစွဲမည့် သတင်းကို စာနယ်ဇင်းသမားများအား အသိပေးကြေညာခဲ့ခြင်းဖြစ်ပြီး ယခုအခါ စမ်းသပ်ကာလလေးရက်အဖြစ် လိုအပ်သည့် လေ့လာစောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည်။

စီစဉ်ခဲ့ခြင်းဖြစ်

စက်သုံးဆီထုတ်ယူရာ၌ ဆီစာအုပ်အတုများဖြင့် တရားမဝင် ဆီခိုးထုတ်မှုများကို ကန့်သတ်ထိန်းချုပ်ရန် ယခုကဲ့သို့ ကတ်စနစ်အား ပြောင်းလဲအသုံးပြုရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအသင်း၏ အတွင်းရေးမှူးဖြစ်သူ ဒေါက်တာဝင်းမြင့်က ပြီးခဲ့သည့် သီတင်းပတ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေါက်တာဝင်းမြင့်က ဆိုရာတွင် "၂၀၁၀ ခုနှစ် ဇွန်လအတွင်း ပုဂ္ဂလိကကို ဓာတ်ဆီဆိုင်တွေ လွှဲပေးချိန်က ဓာတ်ဆီကို လွတ်လပ်စွာ ဝယ်ယူခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံတကာမှာ ဆီဈေးတွေမြင့်တက်လာတဲ့အတွက် အပြင်ကို ပြန်ရောင်းတဲ့သူ များလာပါတယ်။ ဆီစာအုပ်ပြုလုပ်ထားပေးတော့လည်း အတုပြုလုပ်ခြင်း၊ ဆီဆိုင်ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး မသမာမှုတွေပြုလုပ်နေတဲ့အတွက် အမှန်တကယ်ဆီထုတ်သူတွေအတွက် အနှောင့်အယှက်တွေ ဖြစ်ခဲ့ရတယ်။ အဲဒီအတွက် အခုလို ကတ်စနစ်ကို ပြောင်းလဲလိုက်ရခြင်းဖြစ်တယ်"ဟု ပြောကြားသည်။

မော်တော်ယာဉ် ပိုင်ရှင်များအနေဖြင့် ဆီစာအုပ်မှ Smart Card ပြောင်းလဲအသုံးပြုရာ၌ ကညနထောက်ခံချက်၊ ဘီးခွန်၊ ယာဉ်ပိုင်ရှင်မှတ်ပုံတင်မှုရင်းများဖြင့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်းသို့ ပြောင်းလဲခ ငွေကျပ် ၁၅၀၀ ဖြင့် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ Smart Card ၏ သက်တမ်းမှာ တစ်နှစ်ခန့် သတ်မှတ်ထားရာအကယ်၍ သက်တမ်းကုန်ဆုံးပါက အသင်းချုပ်သို့ ဆက်သွယ်ကာ ကတ်အသစ်လဲလှယ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ စက်သုံးဆီရောင်းချသည့်ဆိုင်များမှာ စုစုပေါင်း ၂၄၆ ဆိုင်ခန့်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဆီဆိုင်ပေါင်း ၅၇ ဆိုင်ခန့် ရှိသည်။ ရန်ကုန်မြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဓာတ်ဆီထုတ်ယူနိုင်သည့် ဆီဆိုင် အရေအတွက်မှာမူ ၃၁ ဆိုင်ခန့် ရှိသည်။ ဆီစာအုပ်အစားထိုး Smart Card အား ရန်ကုန်တိုင်း ဒေသကြီးအတွင်း အသုံးပြု မောင်းနှင်သည့် ကားများအား ဦးစားပေး အစီအစဉ်ဖြင့် ပြောင်းလဲပေးသွားမည်ဖြစ်ပြီး စမ်းသပ်ဆဲကာလအတွင်း ယာဉ်အစီးရေ ၅၀၀ ခန့်ကို ကတ်ပြောင်းလဲ ထုတ်ပေးသွားမည် ဖြစ်ကြောင်း ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

(၁၅၀)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြတ်မေတ္တာမွန်ကုမ္ပဏီ၏ စက်သုံးဆီအရောင်းဆိုင်ကို တွေ့မြင်ရစဉ်။

လမ်းဘေးဈေးသည်များ၏ ကျန်းမာရေးနှင့် အစားအသောက်များကို စစ်ဆေးမည်

ရန်ကုန် ဩဂုတ် ၂၅

အစားအသောက်ရောင်းချသော လမ်းဘေးဈေးသည်များ၏ တစ်ကိုယ်ရေ ကျန်းမာရေးနှင့် ရောင်းချသည့် အစားအစာများ၏ လတ်ဆတ်မှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စသည်တို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စစ်ဆေးသွားမည်ဖြစ်သည်။ လမ်းဘေးဈေးသည်များအနေဖြင့် အမှိုက်ပုံးထားရှိပေးရမည်ဖြစ်ပြီး ခေါင်းရွက်ဗျပ်ထိုး ဈေးသည်ဖြစ်ပါက အမှိုက်အိတ်ရှိရမည်ဟု စည်းကမ်းသတ်မှတ်ပေးထားကြောင်း သိရှိရသည်။

လမ်းဘေးဈေးသည်များအား ဈေးကောက် ကောက်ပါက တိုင်ကြားနိုင်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ရောင်းချလျက်ရှိသော လမ်းဘေးဈေးသည်များအား မေလနောက်ပိုင်းမှ စတင်လျက် ဈေးကောက်ကောက်ခံခြင်း မပြုတော့ကြောင်းနှင့် ဈေးကောက် ကောက်ခံလာပါက သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ကြောင်းသိရသည်။

(ညွန့်သန်း-သတင်းစဉ်)

ရထားဘူတာများကို ဦးစားပေးအလိုက် ပြုပြင်သွားမည်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ကာလတွင် ခရီးသွားပြည်သူအများစုသည် ကုန်စည်ပို့ဆောင်ရာတွင် ပိုမိုအဆင်ပြေမှု၊ ခရီးစရိတ်သက်သာမှု စသည့်အားသာချက်များကြောင့် ခရီးသွားလာရာတွင် ရထားကိုပိုမိုအားကိုးသွားလာလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်းတွင် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခြင်းနှင့်အတူ ဘူတာရုံအသစ်များကိုလည်း တိုးချဲ့ဆောက်လုပ်ပေးခဲ့သည်။

ခရီးသည်များ ရထားကို ပိုမိုစီးနင်းအသုံးပြုလာသည်နှင့်အမျှ ရထားဘူတာများသန့်ရှင်းရေးနှင့်အတူ ကြာမြင့်ပြီဖြစ်သော ဘူတာရုံများကိုလည်း ပြုပြင်ရန် လိုအပ်လျက်ရှိသည်။ ၎င်းနှင့်စပ်လျဉ်း၍ ဩဂုတ်လ ၂၄ ရက်က ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးမြင့်သူကမေးမြန်းရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "ဘူတာသန့်ရှင်းရေးအတွက် ပြင်ပလုပ်ငန်းရှင်များသို့ တင်ဒါခေါ်ယူ၍ ကန်ထရိုက်ပေးခြင်းစနစ်ကိုကျင့်သုံးလျက်ရှိပါကြောင်း၊ လွတ်လပ်ရေးမတိုင်မီ ဆောက်လုပ်ခဲ့သောဘူတာများအား ဦးစားပေးအလိုက်ပြုပြင်သွားရန် အစီအစဉ်ရှိပါကြောင်း" ဖြင့်ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ချင်းတောင်တန်း နတ်မတောင်ဥယျာဉ်မှ သဘာဝရတနာသိုက်ကြီး ခရီးသွားများ အလည်တစ်ခေါက် သွားရောက်လေ့လာသင့်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားသည့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ ပေပေါင်း ၁၀၄၀၀ မြင့်သည့် နတ်မတောင်အမျိုးသားဥယျာဉ် (ဒေသအခေါ်-ခေါ်နူးသုမ်တောင် Mount Victoria)သည် ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ၊ သုတေသနပြုလိုသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အဖွဲ့များ၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များအတွက် အလွန်အရေးပါတန်ဖိုးရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ကျင်လည်ကျက်စား

ခေါ်နူးသုမ်တောင်ပေါ်တွင် တောင်ဇလပ်ပန်းအနီ၊ ပန်းအဖြူ၊ ပန်းအဝါ သုံးမျိုးစလုံး ထူးခြားစွာပေါက်ရောက်ပြီး လိပ်ပြာမျိုးစိတ်များ၊ ငှက်မျိုးစိတ်များ၊ အပင်နမူနာမျိုးစိတ်များရှိကာ ပြောင်၊ ဆတ်၊ ဝက်ဝံ၊ တောဝက်၊ ဂျီ၊ ကျားသစ်၊ အင်းကျား၊ တောဆိတ်၊ မျောက်လွှဲကျော်၊ မျောက်ညို၊ မျောက်လေပွေ၊ ခွေးတူဝက်တူနှင့် တောကြောင်များလည်း သဘာဝအလျောက် လွတ်လပ်စွာ ကျင်လည်ကျက်စားနေသည်။

နတ်မတောင် အမျိုးသားဥယျာဉ်အတွင်း၌သာ နေထိုင်ကျက်စားသော မြန်မာ့ငှက်မျိုးဖြစ်သည့် ကမ္ဘာ့၌ရှားပါးသော မျက်ခုံးဖြူငှက်ပြာခြောက်များနှင့် ဇာမဏီငှက်များကိုလည်း မျိုးတုံးပျောက်ကွယ်မသွားအောင် စနစ်တကျ ထိန်းသိမ်းထားရှိသည့်အတွက် နတ်မတောင် အမျိုးသားဥယျာဉ်ကြီးသည် တန်ဖိုးမဖြတ်နိုင်သော ချင်းတောင်တန်း၏ သဘာဝအဖိုးတန် ရတနာသိုက်ကြီးဖြစ်ရာ ခရီးသွားများ အလည်တစ်ခေါက် သွားရောက်လေ့လာသင့်သော နေရာတစ်နေရာဖြစ်ပါကြောင်း. . .။ ***(ကိုကြီးသာ)***



နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း၌ နေထိုင်ကျက်စားနေသော မြန်မာ့ငှက်မျိုးများဖြစ်သည့် ကမ္ဘာ့ရှားပါးငှက်များကို တွေ့ရစဉ်။

ကုန်ခြောက်များ ဒိုင်များသို့ အဝင်ကောင်းသော်လည်း အရောင်းအဝယ်အေး

သက်ထက်ကို (ဘော်ဂါမြေ)

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့ရှိ အများပြည်သူတို့ ဝယ်ယူစားသုံးနေရသည့် အခြေခံစားသောက်ကုန်များသည် ဘုရင့်နောင်ကုန်စည်ဒိုင်ကြီး၊ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးမှသည် မြို့နယ် အသီးသီးရှိ အခြေခံစားကုန်ဆိုင်များသို့ စီးဆင်းလျက်ရှိသည်။

ယခုရက်များအတွင်း ဘုရင့်နောင် ကုန်စည်ဒိုင်ကြီးများ၌ ကုန်ခြောက်များဖြစ်သော ငရုတ်၊ ကြက်သွန်၊ အာလူး စသည်တို့ အဝင်ကောင်းသော်လည်း အရောင်းအဝယ်အေးနေကြောင်း ရောင်းသူတို့အသိုင်းအဝိုင်းမှ ကြားသိလာရသည်။

အခြေခံစားသုံးကုန်အနေဖြင့် ငရုတ်၊ ကြက်သွန်၊ အာလူး၊ ငါးခြောက်၊ ဆီစသည်များ စုစည်းရောင်းချရာ ဘုရင့်နောင် ကုန်စည်ဒိုင်များ၌ ကြက်သွန်နီအိတ်များ ဆိုင်တိုင်းလိုလို စုပုံနေသည်။

ကြက်သွန်နီကို အထက်ဒေသ ဆိပ်ဖြူ၊ မြင်းခြံ၊ တောင်သာ၊ ပျော်ဘွယ် စသည့်မြို့များက နေ့စဉ်အရောင်းအဝယ်ပေါ်မူတည်၍ အဝင်ရှိနေသည်။ အဝင်အားဖြင့် ကားကြီး ၁၀ စီးမှ အစီး ၂၀ အထိ ရှိနေသည်။

ဘုရင့်နောင်ကုန်စည်ဈေးကွက်မှ ကြက်သွန်နီဒိုင်ကြီးတစ်ဒိုင်တွင် ရောင်းဝယ်နေပုံ။

အရောင်းရှိနေ

ကြက်သွန်ဖြူမှာ များသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြို့နယ်များနှင့် တောင်ကြီးမြို့အနီးတစ်ဝိုက်မှ အဝင်ရှိနေသည်။ ကားကြီးအစီးလိုက်ဝင်မှု မရှိသော်လည်း အခြားပစ္စည်းများနှင့် ရောနှောတင်ကားများဖြင့် နေ့စဉ်ဝင်လျက်ရှိနေသည်။ ဘုရင့်နောင် ဈေးကွက်အခေါ် ထူး၂၊ ထူး၃၊ ထူး၄ ဟု အမျိုးအမည်ခွဲခြားပြီး တစ်ပိဿာငွေကျပ် ၁၀၀၀မှ ငွေကျပ် ၁၄၀၀ အထိ အရောင်းရှိနေကြသည်။

အာလူးကို အောင်ပန်းမှအဝင်ရှိပြီး နေ့စဉ်ကားကြီး ရှစ်စီးမှ ၁၀ စီးခန့်ဝင်ကြောင်း သိရသည်။ ဈေးနှုန်းအားဖြင့် အကြီး တစ်ပိဿာငွေကျပ် ၄၅၀၊ အသေး တစ်ပိဿာငွေကျပ် ၁၈၀ မှ ငွေကျပ် ၂၀၀ ဈေးရှိနေသည်။

အရောင်းအဝယ်ဖြစ်

မြို့နယ်များရှိ အခြေခံစားသောက်ကုန် ဈေးကွက်တွင်မူ ပဲဆီ(ရိုးရိုး) တစ်ပိဿာ ငွေကျပ် ၂၇၀၀၊ ရှယ်တစ်ပိဿာငွေကျပ် ၃၆၀၀၊ အမေထွား၊ ရန်ကုန်၊ ရောဝတီပဲဆီသန့် တစ်ပိဿာငွေကျပ် ၄၃၀၀ ဈေးရှိနေပြီး ကုလားပဲတစ်ပိဿာ ငွေကျပ် ၁၃၀၀၊ ပဲနီ တစ် ပိဿာ ငွေကျပ် ၁၈၀၀၊ ပဲဝါ တစ်ပိဿာ ငွေကျပ် ၁၅၀၀၊ ငရုတ်သီးပုတစ်ပိဿာ ငွေကျပ် ၄၂၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

သဘာဝဘေးအန္တရာယ်များမှ ကယ်ဆယ်ရေး နိုင်ငံပေါင်း ၂၀ သီရိလင်္ကာဝေဟင်၌ စုပေါင်းလေ့ကျင့်

ကိုလံဘို ဩဂုတ် ၂၅

လူသားအချင်းချင်း စာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးအကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်မှ အကူအညီပေးရေးဆိုင်ရာ လေကြောင်းပူးပေါင်းလေ့ကျင့်ရေးတစ်ရပ်ကို သီရိလင်္ကာနိုင်ငံဝေဟင်၌ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်မှ လေယာဉ်များ စုပေါင်းလေ့ကျင့်မှု ပြုလုပ်ကြကြောင်း ဩဂုတ် ၂၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာကျင်းပမည့် လေကြောင်းပူးတွဲလေ့ကျင့်မှုကို သီရိလင်္ကာနှင့် အမေရိကန်နှစ်နိုင်ငံတို့က ကမကထပြုလုပ်ကြခြင်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က သီရိလင်္ကာနိုင်ငံနေရာဒေသအများအပြားတွင် ရေလွှမ်းမှုများဖြစ်ပွားခဲ့သဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရသည်။ ရေလွှမ်းသည့်ဒေသများသို့ သီရိလင်္ကာလေတပ်မှ အကူအညီပေးရေးလေယာဉ်များ စေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရသည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်များကို စုပေါင်းဖြေရှင်းနိုင်ရေးအတွက် နိုင်ငံပေါင်းစုံက ပူးတွဲလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခြင်းဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရမှုမှ ကယ်ဆယ်ရေးနှင့် အခက်အခဲများကြားမှပံ့သန်းရေးဆိုင်ရာနည်းစနစ်များကို စုပေါင်းလေ့ကျင့်ကြခြင်းဖြစ်သည်။ ယခုလေ့ကျင့်သည့် နိုင်ငံများတွင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ အမေရိကန်နှင့် အခြားနိုင်ငံငယ်များပါဝင်ကြသည်။ **(အင်တာနက်)**

အမေရိကန်နှင့် ပီရူးနိုင်ငံများ၌ အင်အားပြင်းငလျင်လှုပ်

နယူးယောက် ဩဂုတ် ၂၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၉ ရှိ ငလျင်လှုပ်ခဲ့ပြီး ပီရူးနိုင်ငံတွင် ဩဂုတ် ၂၄ရက်က ဒေသစံတော်ချိန် ၁၂နာရီ ၄၆မိနစ်က ရစ်ချ်တာစကေး ၇ ရှိ အင်အားအလွန်ပြင်းသည့် ငလျင်လှုပ်ခဲ့ကြောင်း သက်ဆိုင်ရာနိုင်ငံသတင်းဌာနများကဖော်ပြသည်။ နယူးယောက်မြို့တွင် ငလျင်ဒဏ်ကြောင့် ပြည်သူများ အိမ်မှ လမ်းများပေါ် ပြေးထွက်ခဲ့ကြရကြောင်း၊ ဝါရှင်တန်မြို့၌လည်း ၎င်းငလျင်ဒဏ်ကြောင့် အိမ်ဖြူတော်၊ ပင်တဂွန်နှင့် ကက်ပီတယ် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း ဩဂုတ် ၂၄ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သဖြင့် နယူးယောက်မြို့ တိုင်းစကွဲယား ရင်ပြင်တွင် လူများစုရုံးရောက်ရှိခဲ့ကြသည်။(အပေါ်ပုံ) အကူအညီပေးရေးဝန်ထမ်းများကလည်း မိုးပျံအဆောက်အအုံများအနီး အကူအညီပေးနိုင်ရန် အသင့်ရောက်ရှိခဲ့ကြသည်။

နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်နှင့် နယူးဂျာစီမြို့ နယူးဝပ်ခ်လေဘာတီ နိုင်ငံတကာလေဆိပ်တို့တွင်လည်း လေယာဉ်ခရီးစဉ်၆၀ ခန့် ဖျက်သိမ်းခဲ့ရပြီး ခရီးသည်များအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဝါရှင်တန်မြို့၌ ထိခိုက်ပျက်စီးမှု အနည်းငယ်ရှိခဲ့ပြီး စာသင်ကျောင်း ၁၂၆ ကျောင်း ပိတ်ခဲ့ရကြောင်း၊ နျူကလီးယား ဓာတ်ပေါင်းဖိုနှစ်လုံးမှာ ငလျင်ဒဏ်ခံရသော်လည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း၊ ငလျင်မှာ ဗာဂျီးနီးယားပြည်နယ် မီနီရယ်မြို့အနီး ဝါရှင်တန်မြို့ အနောက်တောင်ဘက် ၈၄မိုင်ခန့်အကွာ မြေအောက် ၃ ဒသမ ၇ မိုင်ကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ ပီရူး၌ ငလျင်ဒဏ်ကြောင့် အိမ်နှင့်အဆောက်အအုံများ အနည်းငယ်ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဆက်သွယ်ရေးလိုင်းများ ပြိုလဲပြတ်တောက်ခဲ့ရသည်။ ၎င်းငလျင်မှာ ပူကယ်ပါ မြို့မြောက်ဘက် ၇၅ ကီလိုမီတာအကွာနှင့် လီမာမြို့ အရှေ့မြောက်ဘက် ၅၅၀ကီလိုမီတာခန့်အကွာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်သည်။ ဟွာနူကို၊ အမာဇိုနက်စ်၊ ဆန်မာတင်၊ လိုနီကိုနှင့် လီမာမြို့တို့အပြင် ဘရာဇီးနယ်စပ်ရှိ အိုင်အိုရာပြည်နယ်တွင်လည်း ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ လှုပ်ခါခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

မှုခင်းသတင်း

ကလေးငယ်အား ကားဖြင့် ပွတ်တိုက်ပြီး မောင်းနှင်ထွက်ပြေး

လွိုင်ကော် ဩဂုတ် ၂၅

ကယားပြည်နယ် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းရှေ့ လွိုင်ကော်-မော်ချီး မော်တော်ကားလမ်းပေါ်တွင် ဩဂုတ် ၁၉ ရက် ညနေပိုင်းက ကလေးငယ်တစ်ဦး လမ်းဖြတ်ကူးစဉ် မော်တော်ကားဖြင့် တိုက်မိပြီးနောက် အဆိုပါမော်တော်ကားမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိ

ဖြစ်ပွားပုံမှာ ယင်းနေ့ ညနေ ၃ နာရီတွင် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ၌နေထိုင်သူ ခြောက်နှစ်အရွယ် ယောကျ်ားလေးတစ်ဦးသည် ကျောင်းရှေ့မှ လမ်းတစ်ဖက်သို့ ဖြတ်ကူးစဉ် လွိုင်ကော်-မော်ချီး မော်တော်ကားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသည့် ငွေရောင်ကားတစ်စီးက ပွတ်တိုက်မိခဲ့ပြီးနောက် ဆက်လက်မောင်းနှင်ထွက်ပြေးသွားခဲ့သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောဆိုသည်။ ယာဉ်တိုက်ခံရမှုကြောင့် ကလေးမှာ ယာနဖူးနှင့် ယာမျက်လုံးပွန်းပဲ့ဒဏ်ရာ ရရှိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကို ကယား ပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇေယျာလတ်က အခင်းဖြစ်နေရာသို့ သွားရောက်စုံစမ်းစစ်ဆေးပြီး တရားလိုပြု၍တိုင်ကြားရာ လွိုင်ကော်ရဲစခန်းကအမှုဖွင့်လှစ်ပြီး ယာဉ်မောင်းအား ဖမ်းဆီးနိုင်ရေးအတွက် ကယားပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၂၆)

မြန်မာနိုင်ငံသည် ဒီမိုကရေစီဖော်ဆောင်ရာ၌ မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ရောက်နေ ဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး လက်တွေ့ကြိုးပမ်းလုပ်ဆောင်မှု ဆက်လက်လေ့လာစောင့်ကြည့်နိုင်

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်မပြုကြောင်း သေချာသည့်အချိန် အကျဉ်းသားများပြန်လွှတ်ပေးရန်ရှိ

နေပြည်တော် ဩဂုတ် ၂၅

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုယေး ကွင်တားနားသည် ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်အတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းတို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး လူ့အခွင့်အရေး အခြေအနေဆိုင်ရာအထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုယေး ကွင်တားနားအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဆွေးနွေးမေးမြန်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တွေ့ဆုံခဲ့ရာ၌ မစ္စတာကွင်တားနားက ၂၀၁၁ ခုနှစ် မတ်လအတွင်း ပထမပုံမှန်အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ပြီး ယခု ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ ပထမပုံမှန်အစည်းအဝေးများတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအပါအဝင် မြေယာသိမ်းယူမှုကိစ္စ၊ တိုင်းရင်းသား ဘာသာစကားများ သင်ကြားခွင့်ကိစ္စ၊ ထိန်းသိမ်းခံထားရသည့် ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်များ ပြန်လွှတ်ပေးရေးကိစ္စ စသည့် အရေးကြီးကိစ္စရပ်များအား ဆွေးနွေးပြောကြားနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ အကျဉ်းသားများ လွှတ်ပေးရေးကိစ္စသည် မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်၌ အရေးကြီးသည့်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိမိကဲ့သို့ အထူးအစီရင်ခံစာတင်သွင်းသူတို့မှ တိုက်တွန်းပြောကြားမှုများ ပြုလုပ်နေရခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်အထိ တွေ့ရှိချက်များအရ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီဖော်ဆောင်မှုအတွက် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ကျန်ရှိနေသေးသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆက်လက်ဆွေးနွေး ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ လွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းရာ၌ လွှတ်တော်အခွင့်အရေးကော်မတီပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့်အခြေအနေမျိုးတွင်မဆို လွတ်လပ်စွာ တင်ပြခွင့်ရှိ/မရှိ သိလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အခြေခံဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာများကို အသုံးပြု၍ ပြည်သူများအတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိစ္စရပ်များဖော်ဆောင်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးမေးမြန်းခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာနည်းတူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် အခြေအနေ အခွင့်အလမ်း ရရှိထားပြီးဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတစ်နိုင်ငံချင်းအလိုက် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သမိုင်းအစဉ်အလာတို့အပေါ်မူတည်၍ ၎င်းတို့ကို အကောင်အထည်ဖော်ရာ၌ ကွဲပြားခြားနားမှုရှိပါကြောင်း၊ အဆွေတော် သုံးသပ်သကဲ့သို့မြန်မာနိုင်ငံသည် ဒီမိုကရေစီဖော်ဆောင်ရာ၌ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး ထိုလမ်းကြောင်းမှန်အတိုင်း ဆက်လက်လျှောက်လှမ်းသွားမှာ ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမရှိဘဲ ပြည်သူ့အကျိုး၊ တစ်နည်းအားဖြင့် ပြည်သူများ၏ မူလရပိုင်ခွင့်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့အနာဂတ်ခရီးလမ်းတွင် ပါတီစုံဒီမိုကရေစီအခွင့်အလမ်းများ ပွင့်လန်းလာမှာဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဒီမိုကရေစီနှင့်အခွင့်အရေးကို ဖော်ဆောင်ပေးမည့် စာချွန်တော်အမိန့်ထုတ်ပြန်နိုင်ခွင့်များကိုလည်း ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းထားသည့်ဥပဒေများကို အစိုးရအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် ပြည်သူများက လိုက်နာဆောင်ရွက်ပြီး အပြန်အလှန် ထိန်းညှိဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအရေးကိစ္စနှင့်စပ်လျဉ်း၍ နားလည်မှုလွဲမှားပြီး လက်နက်ကိုင်တိုက်ပွဲများရှိနေခြင်းသည် နိုင်ငံအတွက် အကျိုးမရှိနိုင်သည်ကို မိမိတို့ သိရှိပါကြောင်း၊ ထို့ကြောင့်လည်း လွှတ်တော်ကော်မတီများဖွဲ့စည်းရာတွင် နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအပြင် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီကိုလည်း ဖွဲ့စည်းထားပါကြောင်း၊ တရားဥပဒေရေးရာများ မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကိုလည်း ဖွဲ့စည်းထားပါကြောင်း၊ လွှတ်တော်ကော်မတီများ၏ ဆောင်ရွက်ချက်များသည် လွှတ်တော်အတွင်း ဆောင်ရွက်မှုများ ဖြစ်သည့်အတွက် ပြည်သူများ၏ ဆောင်ရွက်ချက်များပင်ဖြစ်ပါကြောင်း၊ မြေယာများကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ယခုလွှတ်တော် အစည်းအဝေးတွင် တင်ပြမည်ဖြစ်ပြီး အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ကြိုးပမ်းဖော်ဆောင်နေချိန်တွင် နိုင်ငံအချို့၊ ပြည်ပအဖွဲ့အစည်းအချို့၏ မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် အနှောင့်အယှက်ဖြစ်စေမည့် ဆောင်ရွက်မှုများအား အဆွေတော်အနေဖြင့် ကာကွယ်တားဆီးပေးရန်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အဆွေတော်နှင့် ဆွေးနွေးချက်များ၊ ပြည်သူတို့၏သဘောထားနှင့် နိုင်ငံတကာ၏ဝေဖန်အကြံပြုချက်များကို လက်ခံနားထောင်မည်ဖြစ်သကဲ့သို့ အနာဂတ်တွင် အများမျှော်လင့်ထားသည့် ဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး မိမိတို့၏ လက်တွေ့ကြိုးပမ်းလုပ်ဆောင်မှုများကိုလည်း အဆွေတော်အနေဖြင့် ဆက်လက်လေ့လာစောင့်ကြည့်နိုင်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

အသိပေးသွားမည်

မစ္စတာကွင်တားနားကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှု ကြိုးပမ်းချက်များကို ပြည့်စုံစွာ ရှင်းလင်းပြောကြားပေးမှုအတွက် ကျေးဇူးတင်ပါကြောင်း၊ လွှတ်တော်အတွင်း တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏အခွင့်အရေးနှင့် လွှတ်တော်၏အခွင့်အရေးများကို အသုံးပြုပြီး ၎င်းတို့၏ လိုလားချက်ဆန္ဒများကို တင်ပြခွင့်ရမည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ ဆွေးနွေးပြောကြားချက်များကို မိမိ၏အစီရင်ခံစာတွင် ဘက်လိုက်ခြင်းမရှိဘဲ ထည့်သွင်းပေးသွားမည်ဖြစ်သကဲ့သို့ ကုလသမဂ္ဂမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသို့ အသိပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်တွေ့ဆုံခဲ့ရာ၌ မစ္စတာကွင်တားနားက မိမိအနေဖြင့် မြန်မာနိုင်ငံ၏ လွှတ်တော်အတွင်း လာရောက်ခွင့်ရရှိသည့်အတွက် အထူးပင်ဂုဏ်ယူမိပါကြောင်း၊ ယခုခရီးစဉ်မှာ (၄)ကြိမ်မြောက်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် အထူးအရေးကြီးသည့် စာမျက်နှာသစ်တစ်ရပ်ဖွင့်လှစ်ချိန်တွင် လာရောက်ခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့်ပတ်သက်၍ မိမိအဆိုပြုထားသည့် အချက် (၄)ချက်အနက် တည်ဆဲဥပဒေများထဲမှ ဒီမိုကရေစီစနစ်နှင့် မကိုက်ညီသည့် ဥပဒေများအား ပြန်လည်သုံးသပ် ပြင်ဆင်မှုပြုလုပ်ပေးရန်ဟူသည့် အချက်ပါဝင်ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေဖြင့် ရှင်းလင်းပြောကြားစေလိုပါကြောင်း၊ အကျဉ်းသားများ လွှတ်ပေးရေးကိစ္စကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အပါအဝင် အာဆီယံနိုင်ငံများနှင့် မိမိကပါ တိုက်တွန်းပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားမှုကို ရုပ်သိမ်းပေးပြီးနောက်ပိုင်းတွင် နိုင်ငံအတွက်အကျိုးရှိစေမည့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နေသည့်နည်းတူ အခြားသူများအား လွှတ်ပေးခြင်းအားဖြင့်လည်း အလားတူ အကျိုးသက်ရောက်မှုမျိုး ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပထမအကြိမ် လွှတ်တော်ကျင်းပခဲ့စဉ်က လူ့အခွင့်အရေးအတွက် အရေးပါသော ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု ကြားသိရသည့်အပြင် ယခုလွှတ်တော်၌လည်း ရေးရာကော်မတီများ ဖွဲ့စည်းထားသည်ဟု သိရှိရပါကြောင်း၊ လွှတ်တော်အတွင်း ဒီမိုကရေစီဖော်ဆောင်မှုအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ထောင်စုနှစ်ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များကို လိုက်နာရန် သန္နိဋ္ဌာန်ချထားပါကြောင်း၊ လွှတ်တော်တွင် **''ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် လွှတ်တော်၏ဆောင်ရွက်ချက်''** ဟူသည့် ဆောင်ပုဒ်တစ်ရပ် ဆောင်ရွက်ထားပါကြောင်း၊ ယင်းဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီမှ ပြည်သူများအတွင်း ဒီမိုကရေစီကျင့်စဉ် တိုးတက်လာရေးနှင့် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ရေးတို့အတွက် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတည်ဆဲဥပဒေများကို လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့နှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး ယခု လွှတ်တော်အတွင်းမှာပင် အချို့ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းသွားရန် ရှိပါကြောင်း၊ ယခုအစိုးရမှာ ပျော့ပျောင်းသောသဘောထားရှိပါကြောင်း၊ နိုင်ငံတော်၏ လုပ်အားစုများကို အဆုံးရှုံးခံပြီး အကျဉ်းထောင်ထဲ ထည့်ထားခြင်းမျိုးကို မည်သည့်အစိုးရကမျှ ပြုလုပ်လိုမည်မဟုတ်ပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်မပြုကြောင်း သေချာသည့်အချိန်တွင် အကျဉ်းသားများအား ပြန်လွှတ်ပေးရန်ရှိနိုင်ကြောင်း၊ လက်ရှိ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံရေးပါတီ (၁၅)ပါတီတို့ ကိုယ်စားပြုပါရှိပြီး တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၁၈)ဦး ပါဝင်ပါကြောင်း၊ နောင်လာမည့်ရွေးကောက်ပွဲတွင် ပါတီတည်ထောင်ပြီး ရွေးကောက်ပွဲဝင်ရောက်မည့်သူများကိုလည်း လွှတ်တော်မှကြိုဆိုပါကြောင်း၊ လွှတ်တော်ထဲတွင် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏အမြင်များကို လွတ်လပ်စွာ တင်ပြခွင့်၊ ဆွေးနွေးခွင့်ရှိပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အနည်းစု၏ဆန္ဒကို အများစုကလေးစားပြီး အနည်းစုကလည်း အများစု၏ဆန္ဒကို လိုက်နာဆောင်ရွက်သည့် အလေ့အထမျိုး ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအကြား လွတ်လပ်စွာ ပြောဆိုခွင့်၊ စုဝေးခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်၊ အဖွဲ့အစည်းများဖွဲ့စည်းခွင့်လည်း ပေးထားပါကြောင်း၊ လွှတ်တော်အတွင်း မေးမြန်းသော မေးခွန်းများ၊ ပြုစုတင်ပြသောဥပဒေများနှင့် ဆောင်ရွက်ချက်များကို အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့များမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ငြိမ်းချမ်းရေးရရှိရန် ဆန္ဒတူညီကြသည့်အတွက် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီကို လွှတ်တော်အတွင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် လာမည့်စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို မြန်မာနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြုပြင်ရန်၊ ဆောင်ရွက်ရန် ရှိသည်များကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့နှင့်ပတ်သက်၍ လိုအပ်ချက်များကိုလည်း ထောက်ပြသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်အတွင်း ကိုယ်စားလှယ်များအနေဖြင့် Private Bill တင်သွင်းခွင့်ရှိပါကြောင်း၊ လွှတ်တော်မှ မေးခွန်းများမေးမြန်းမှုပြုသည့်အခါ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် တက်ရောက်ဖြေကြားခြင်း၊ နိုင်ငံတော်အတွက် အဆိုတင်သွင်းရာ၌လည်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကိုယ်တိုင် တက်ရောက်နားထောင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဖော်ဆောင်မှုများသည် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်တွေ့ဆုံခဲ့ရာ၌ မစ္စတာကွင်တားနားက ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများကိစ္စ၊ လက်ရှိတည်ဆဲဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးကိစ္စ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတည်ထောင်မှုနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်မှုကိစ္စရပ်များကို မေးမြန်းခဲ့ရာ ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူမရှိဘဲ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံရသူများသာရှိကြောင်း၊ တရားရုံးများသည် ပြဋ္ဌာန်းဥပဒေနှင့်ညီညွတ်သည့် ပြစ်ဒဏ်အတိုင်းသာ ချမှတ်နိုင်ပြီး ဥပဒေအရ အယူခံပိုင်ခွင့်လည်းရှိပြီးဖြစ်ကြောင်း၊ မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့်တရားစီရင်ရေးအဖွဲ့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရားစီရင်ရေးအာဏာမှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ (၃)ရပ်အနက် တစ်ရပ်အပါအဝင်ဖြစ်၍ ဥပဒေနှင့်အညီဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေမှာ ၁၈၆၁ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့သည့်ဥပဒေဖြစ်ပြီး လက်ရှိကျင့်သုံးလျက်ရှိကြောင်း၊ ဥပဒေဆိုင်ရာကိစ္စရပ်များတွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ကျင့်သုံးရန်သာဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တည်ထောင်ပြီးဖြစ်၍ တည်ဆဲဥပဒေများ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ/မညီကို ၎င်းခုံရုံးက စိစစ်ခွင့်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားသူကြီးများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး လက်ရှိတရားစီရင်ရေးစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

လေ့ကျင့်သင်ကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် မစ္စတာကွင်တားနားတို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အသီးသီး ရွေးကောက်ပွဲများကို ကြီးကြပ်

ကျင်းပပေးခြင်းနှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ပေးရပါကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို မကျေနပ်၍ ကန့်ကွက်လွှာများ တင်သွင်းလာပါကလည်း ရွေးကောက်ပွဲဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စစ်ဆေးဆုံးဖြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများပြဋ္ဌာန်းသည့်အချိန်မှစ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့အထိ (၈)လခန့် တိုတောင်းသောကာလအတွင်း အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များကို လေ့ကျင့်သင်ကြားပို့ချပေးခြင်း၊ ပါတီများတည်ထောင်မှတ်ပုံတင်ခွင့်ပြုခြင်း၊ ပါတီများ စည်းရုံးရေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲကျင်းပပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ခဲ့သော်လည်း အားနည်းချက်၊ ချို့ယွင်းချက်အချို့ ရှိကောင်းရှိနိုင်ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲများတွင် ယခင်အတွေ့အကြုံများအပေါ် သင်ခန်းစာယူ၍လည်းကောင်း၊ ပါတီများမှကောင်းသော အကြံပြုချက်များကို လက်ခံ၍လည်းကောင်း၊ ပါတီအချင်းချင်း ထိန်းကျောင်းသောစနစ်ကို ကျင့်သုံး၍လည်းကောင်း၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများအား ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ပညာပေး၍လည်းကောင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်အောင် ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

၎င်းနောက် မစ္စတာ ကွင်တားနားက ပြီးခဲ့သည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပါတီတည်ထောင်ခွင့်နှင့် ပါတီများ၏ ဘဏ္ဍာရေးကိစ္စများအတွက် စိုးရိမ်မကင်းဖြစ်မိပါကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ယင်းကိစ္စများအပေါ် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်မှုများနှင့် ရွေးကောက်ပွဲများ ကျင်းပမည့်အခြေအနေကို သိလိုပါကြောင်း၊ NLD ပါတီ တရားဝင်ရပ်တည်ခွင့်မရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍လည်း သိလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များကို လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့် ရှိ/မရှိ၊ နိုင်ငံရေးပါတီအဖြစ် လျှောက်ထားရာတွင် ထောင်ကျနေသူများ ပါတီမှတ်ပုံတင်ခွင့် ရ/မရ၊ ဒေါ်အောင်ဆန်းစုကြည်သည် ယခုအချိန်တွင် နိုင်ငံရေးပါတီလျှောက်၍ ရ/မရ သိလိုပါကြောင်း မေးမြန်းခဲ့သည်။

လျှောက်ထားနိုင်

မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ၏ ဘဏ္ဍာရေးကိစ္စမှာ သက်ဆိုင်ရာပါတီ၏ကိစ္စသာဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်သက်တမ်းတစ်ခုအတွင်း အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်မှုရှိပါက နိုင်ငံတော်နှင့် သက်ဆိုင်ရာလွှတ်တော်တို့၏ လိုအပ်ချက်အရ သင့်လျော်သည့်အချိန်တွင် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ရန် ရှိကောင်းရှိမည် ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၄၈)နေရာ လစ်လပ်မှုရှိနေပါကြောင်း၊ NLD နှင့်စပ်လျဉ်း၍ပြောကြားရလျှင် NLD သည် ၎င်းတို့၏ သဘောဆန္ဒအလျောက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားမှုမရှိခြင်းသာ ဖြစ်ပါကြောင်း၊ ယခုအချိန်အထိလည်း နိုင်ငံရေးပါတီ တည်ထောင်/ မှတ်ပုံတင်ခွင့် လျှောက်ထားခြင်းမရှိပါကြောင်း၊ မည်သူမဆို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်လျှင် နိုင်ငံရေးပါတီ တည်ထောင်/မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်ပါကြောင်း၊ ရွေးကောက်ပွဲပြီးကာလ နောက်ပိုင်းတွင်လည်း ဖော်ပြပါအတိုင်း ပါတီတည်ထောင်ခွင့်များ လျှောက်ထားသဖြင့် ကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ ဥပဒေနှင့်အညီ ဆုံးဖြတ်ခွင့်ပြုပေးခြင်းဖြစ်သော်လည်း လျှောက်ထားသူ ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် ဥပဒေအရ သတ်မှတ်ထားသည့်အရည်အချင်း ကိုက်ညီသူများ ဟုတ်/မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့စိစစ်စေပြီးမှ ကော်မရှင်က ဆုံးဖြတ်ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ထောင်ဒဏ်ကျခံနေရသူသည် ပါတီဝင်ဖြစ်ခွင့်မရသော်လည်း ထောင်ဒဏ်လွတ်မြောက်သည်နှင့် ဥပဒေနှင့်အညီ ပါတီတည်ထောင်ခွင့် လျှောက်ထားနိုင်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည်လည်း ဥပဒေနှင့်ညီညွတ်လျှင် ပါတီတည်ထောင်ခွင့် လျှောက်ထားနိုင်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်တွေ့ဆုံခဲ့ရာ၌ မစ္စတာ ကွင်တားနားက မိမိအနေဖြင့် ၂၀၀၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းပြီး လူ့အခွင့်အရေး တိုးတက်ရေးကိစ္စရပ်များ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုခရီးစဉ်အတွင်း အစိုးရဘက် တာဝန်ရှိသူများနှင့် စုံစုံညီညီ တွေ့ဆုံခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မေလ ၁၆ ရက်နေ့က အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ အလားတူ ထပ်မံဆောင်ရွက်ပေးရန်လည်း တောင်းဆိုပါကြောင်း၊ မိမိ၏အမြင်အရ နိုင်ငံတော်အကြီးအကဲနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် သတင်းကောင်းဖြစ်ပါကြောင်း၊ ထို့အပြင် ICRC နှင့် ပြန်လည်ဆက်သွယ်ဆောင်ရွက်မှုများအတွက်လည်း အသိအမှတ်ပြုပါကြောင်းနှင့် ယခုထက်ပို၍ ဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်ချက်များကို သင်ခန်းစာယူပြီး နောင်လာမည့် ရွေးကောက်ပွဲများတွင် အားလုံးပါဝင်နိုင်မည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုအချိန်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေးကိစ္စဆွေးနွေးရန် ဖိတ်ခေါ်ချက်သည် အပြုသဘောဆောင်သည့် ခြေလှမ်းဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များနှင့်ပတ်သက်ပြီး မြန်မာအစိုးရအနေဖြင့် ပြန်လည်ချေဖျက်နိုင်ရန် ခိုင်လုံသော အထောက်အထားများပြနိုင်ရန် အရေးကြီးပါကြောင်း၊ ပြီးခဲ့သည့် အစီရင်ခံစာများတွင် တာဝန်ခံမှု၊ တာဝန်ယူမှုနှင့်ပတ်သက်၍ ပြဿနာရှိနေသည်ကိုလက်ခံပြီး အစိုးရအနေဖြင့် ဘယ်လိုဖြေရှင်းပေးမည်ဆိုသည်ကို စဉ်းစားပေးစေလိုပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းဆောင်ရွက်မှုများသည် တည်ငြိမ်အေးချမ်းသည့် အခြေအနေတစ်ရပ်သို့ ဦးတည်နေသည့်အတွက် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံသားများ၏ မူလရပိုင်ခွင့်များကို ရရှိအောင် ဆောင်ရွက်ပေးနေပါကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ဟန်ချက်ညီစေရန် ထည့်သွင်းစဉ်းစားပြီး ဒေသဆိုင်ရာ ဝိသေသလက္ခဏာများ၊ သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ နောက်ခံများအား အပြန်အလှန်လေးစားမှုကို နှလုံးသွင်းလျက် နိုင်ငံအတွင်း လူ့အခွင့်အရေး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်ခရီးစဉ်များက ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်များသို့ သွားရောက်ရန် စီစဉ်ပေးနိုင်ခဲ့သော်လည်း ယခုခရီးစဉ်တွင် ကန့်သတ်ချက် အခက်အခဲများကြောင့် ချင်းပြည်နယ် ခရီးစဉ်ကို စီစဉ်ပေးနိုင်ခဲ့ခြင်းမရှိ၍ ခွင့်လွှတ်ပေးစေလိုပါကြောင်း၊ အကျဉ်းသားကိစ္စနှင့် စပ်လျဉ်း၍ အဆွေတော်၏ သတင်းရင်းမြစ်များမှ ရရှိထားသည့် စာရင်းနှင့် မိမိတို့ဘက်က စာရင်းကွာခြားနေပါကြောင်း၊ ယုံကြည်ချက်ကြောင့် ကျခံရသည့် အကျဉ်းသားများအဖြစ် ဖော်ပြထားသော်လည်း မူးယစ်ဆေးဝါးမှု၊ လူသတ်မှု၊ ဗုံးဖောက်ခွဲမှုနှင့် သောင်းကျန်းသူများကဲ့သို့သော အခြားပြစ်မှုများဖြင့် အကျဉ်းကျခံနေရသူ (၁၀၀)ကျော် ရှိပါကြောင်း၊ အချို့ဆိုလျှင် မူးယစ်ဆေးဝါးပမာဏ မြောက်မြားစွာနှင့်အတူ ဖမ်းဆီးရမိသူများဖြစ်ပါကြောင်း၊ ထိုသို့သောသူများ အဆွေတော်၏စာရင်းတွင် မည်သို့ပါဝင်နေသည်ကို မစဉ်းစားတတ်အောင် ဖြစ်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာပြီးနောက် နိုင်ငံတော်သမ္မတအနေဖြင့် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီး

တွေ့ဆုံ

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူး အစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း အခါအားလျော်စွာ လွတ်ငြိမ်းချမ်းသာခွင့်များ ပေးသွားရန် အလားအလာရှိပါကြောင်း၊ ICRC ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ICRC တို့ MoU ထိုးထားခြင်း မရှိပါကြောင်း၊ ထိုသို့ MoU မရှိသော်လည်း မိမိတို့ဘက်မှ သဘောထားကြီးကြီးထား၍ အကျဉ်းထောင်များသို့ ဝင်ထွက်ခွင့်ပြုလျက်ရှိပါကြောင်း၊ ICRC အဖွဲ့အနေဖြင့် အကျဉ်းသားကိစ္စထက် အကျဉ်းထောင်များ၏ ရေ၊ မီး၊ မိလ္လာကိစ္စများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကျဉ်းသားများနှင့်စပ်လျဉ်း၍ ထောင်ဝင်စာတွေ့ရာတွင် ၎င်းအကျဉ်းသား စည်းကမ်းဖောက်၍ ကန့်သတ်ထားခြင်းမှအပ အခက်အခဲမရှိရအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုခရီးစဉ်တွင်လည်း အဆွေတော်အနေဖြင့် တွေ့ဆုံလိုသည့် အမည်စာရင်းပေးနိုင်မည်ဆိုပါက အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းနှင့် တွေ့ဆုံရာတွင် မစ္စတာ ကွင်တားနားက တပ်မတော်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူနည်းစုလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှုမပြုရေး၊ ကလေးစစ်သားကိစ္စ မရှိစေရေး၊ မြေမြှုပ်မိုင်းအသုံးပြုမှု ရှောင်ကြဉ်ရေး၊ အရပ်သားများကို အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုများ ရှောင်ကြဉ်ရေးကိစ္စရပ်များအား အကြံပြုပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Force Labour Convention ကို လက်မှတ်ရေးထိုးထားသည်ဟု သိရှိရပါကြောင်း၊ ၎င်း Convention အရ တစ်ခုတည်းသော စံချိန်စံညွှန်းကိုသာ အသုံးပြုကြရန် သဘောတူထားခြင်းဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခရှိသည့်နေရာများတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာသော စံချိန်စံညွှန်းများကို အလေးထားလေးစားကြရန် အကြံပြုလိုပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် စစ်မှုထမ်းဥပဒေ ရှိ / မရှိ၊ တပ်မတော်တွင် စစ်ခုံရုံး ရှိ/မရှိ သိလိုပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ငြိမ်းချမ်းရေးတံခါးဖွင့်ထားမည်ဆိုသည့်မိန့်ခွန်းသည် အရေးကြီးသည့်ဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့်အတွက် အထူးကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ယခုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြန်လည်စေလွှတ်ပေး

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် တပ်မတော်စတင်ဖွဲ့စည်းစဉ်ကပင် အတင်းအဓမ္မအင်အားစုဆောင်းခြင်းမျိုး မရှိခဲ့ပါကြောင်း၊ စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးခြင်း မရှိသေးပါကြောင်း၊ တပ်မတော်သို့ ဝင်ရောက်သူအားလုံးမှာ ၎င်းတို့၏ဆန္ဒအရ ဝင်ရောက်လာကြခြင်းသာဖြစ်ပါကြောင်း၊ သို့သော် စုဆောင်းသူတစ်ဦးချင်းစီ၏ အမှားနှင့် ဝင်ရောက်လာသူများ၏ ဆန္ဒသဘောထားများကြောင့် ကလေးစစ်သားအချို့ ရှိနေကြခြင်းသာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ Plan of Action ကို နှစ်ဖက်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ တပ်မတော်အတွင်း ကော်မတီဖွဲ့စိစစ်ပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ အရွယ်မရောက်သေးသူ ကလေးသူငယ် စုစုပေါင်း (၂၃၀၇) ဦးအား မိဘများထံ ပြန်လည်စေလွှတ်ပေးခဲ့ပါကြောင်း၊ အသက်မပြည့်မီသေး၍ တပ်မတော်မှ ပြန်လည်နုတ်ထွက်ခွင့်ပေးခဲ့သူ စုစုပေါင်း (၅၉၇) ဦး ရှိပါကြောင်း၊ ထို့အပြင် စည်းကမ်းဥပဒေနှင့်အညီ စုဆောင်းမှုမပြုခဲ့သည့် တပ်မတော်အရာရှိ (၂၁)ဦး၊ အခြားအဆင့် (၁၅၆)ဦး စုစုပေါင်း (၁၇၇) ဦးအား အရေးယူခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ UNICEF နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာများတွင် စွပ်စွဲအပုပ်ချနေသည့် အဓမ္မမှုများနှင့်ပတ်သက်၍ ပြောကြားရလျှင် မိမိတို့နိုင်ငံတွင် ယဉ်ကျေးမှုအရလည်းကောင်း၊ ဘာသာရေးအရလည်းကောင်း ပြင်းပြင်းထန်ထန်ဆန့်ကျင်ပြီး လူ့အဖွဲ့အစည်းက လက်မခံနိုင်သည့်ကိစ္စအဖြစ် သတ်မှတ်ထားပါကြောင်း၊ တပ်မတော်တွင် ယင်းကိစ္စမျိုး ဖြစ်ပေါ်လာပါက လွန်စွာအပြစ်ကြီးလေးပါကြောင်း၊ ထို့ကြောင့် တပ်မတော်သားအားလုံးက ဂရုပြုဆင်ခြင်ရှောင်ရှားကြသည့်အတွက် ၁၉၉၀ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ (၂၁) နှစ်တာကာလအတွင်း တပ်မတော်မှ အရာရှိ(၁၁)ဦး၊ အခြားအဆင့် (၁၂၄)ဦး ပေါင်း (၁၃၅) ဦးသာ အဓမ္မပြုကျင့်မှုဖြင့် အရေးယူခံခဲ့ရပါကြောင်း၊ အဓမ္မပြုကျင့်မှုစွပ်စွဲချက်များမှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ သောင်းကျန်းသူများက တပ်မတော်ကို အသရေဖျက်ရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် အသုံးပြုနေသည့်လက်နက်တစ်ခုသာ ဖြစ်ပါကြောင်း၊ အဓမ္မလုပ်အားပေးစေခိုင်းမှုများနှင့်ပတ်သက်၍ ယခုအချိန်တွင် ILO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ILO အဖွဲ့က တိုင်တန်း၍ စိစစ်စစ်ဆေးစေခဲ့သည့် အမှုပေါင်း (၁၈၉) မှု ရှိခဲ့ပြီး (၁၈၂) မှုကို အရေးယူခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အားလျော်စွာ လူနည်းစုတိုင်းရင်းသားများအပေါ် ဖိနှိပ်အနိုင်ကျင့်မှုများ မရှိပါကြောင်း၊ ယနေ့ KIO/ KIA အဖွဲ့နှင့် ဖြစ်ပွားနေရသည့် ပစ်ခတ်တိုက်ခိုက်မှုများမှာ ၎င်းတို့က နိုင်ငံတော်၏ အရေးကြီးစီမံကိန်းများကို ထိပါးခြိမ်းခြောက်လာသည့်အတွက် ကာကွယ်ခဲ့ရခြင်းသာ ဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံနှင့်ပြည်သူကို ကာကွယ်ရန်ဖြစ်သည့်အတွက် ကာကွယ်မှုအပိုင်းကိုသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သို့သော် ၎င်းတို့ဘက်က စစ်ဘက်နှင့်မသက်ဆိုင်သည့် အရပ်သားပြည်သူများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်နေပါကြောင်း၊ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့အပေါ် သဘောထား ကြီးစွာထား၍ အခြေခံဥပဒေနှင့်အညီ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်နိုင်ရန် တံခါးဖွင့်ပေးထားပါကြောင်း၊ တပ်မတော်တွင် ဂျီနီဗာကွန်ဗင်းရှင်းကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ စည်းကမ်းဖောက်ဖျက်မှုများကိုလည်း စစ်တရားရုံးများဖြင့် စစ်ဆေးစီရင်ဆောင်ရွက်မှုများရှိပါကြောင်း၊ ယခုနယ်စပ်တွင် ဖြစ်ပျက်နေသည့်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြောကြားရလျှင် တပ်မတော်အနေဖြင့် စည်းကမ်းပိုင်းဆိုင်ရာ၊ လူ့အခွင့် အရေးဆိုင်ရာများအပေါ် စောင့်ထိန်းကြပ်မတ် ဆောင်ရွက်နေပါလျက် မလိုလားသူများ၊ ဆန့်ကျင်ဘက်အဖွဲ့များ၊ သောင်းကျန်းသူများက တပ်မတော်ကို လုပ်ကြံဖန်တီး ပုတ်ခတ်စွပ်စွဲနေခြင်းများသာဖြစ်ပါကြောင်း၊ မြေမြှုပ်မိုင်းကိစ္စနှင့်ပတ်သက်၍ပြောကြားရလျှင် မိုင်းကို အမှန်တကယ်အသုံးပြုနေသည်မှာ သောင်းကျန်းသူများသာဖြစ်ပါကြောင်း၊ စစ်ဆင်ရေးအရ တပ်မတော်နှင့် ထိပ်တိုက်ရင်ဆိုင်ရန် အင်အားမရှိသည့်အတွက် မိုင်းထောင်ခြင်းကို စစ်ရေးနည်းလမ်းတစ်ရပ်သဖွယ် အသုံးပြုနေကြပါကြောင်း၊ လူ့အခွင့်အရေးတိုးတက်အောင် ဆောင်ရွက်မှုများမှာ ရည်ရွယ်ချက်အားဖြင့် ကောင်းမွန်သကဲ့သို့ လုပ်ဆောင်ချက်များလည်း ကောင်းမွန်စေလိုပါကြောင်း၊ မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံခဲ့ရာ၌ ပြည်ထောင်စုဝန်ကြီးက အဆွေတော်အား ၂၀၀၈ ခုနှစ်တွင် အထူးအစီရင်ခံစာတင်သွင်းသူအဖြစ် စတင်ခန့်အပ်ချိန်မှစ၍ မြန်မာနိုင်ငံ၏ အရေးကြီးသော နိုင်ငံရေးအဆင့်ဆင့်ကို လေ့လာနိုင်သည့် အခွင့်အရေးကိုပါ ရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အရေးကြီးသော နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများအား ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အမှန်အတိုင်း လက်တွေ့ကျစွာ အစီရင်ခံရန် အရေးကြီးပါကြောင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သွားရေးသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒတွင် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဆွေတော်အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဌာနေအဖွဲ့များနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လ ၁၉ ရက်နေ့က နိုင်ငံတော်သမ္မတကြီးသည် ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံလျက် အစိုးရ၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ကွဲပြားခြားနားသည့် သဘောထားအမြင်များကို ဘေးဖယ်လျက် နိုင်ငံအကျိုးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေခံများကိုလည်း စဉ်းစားခဲ့ကြပါကြောင်း၊ ဤသည်မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် များစွာအထောက်အကူပြုမည့် ဆောင်ရွက်ချက်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အဆွေတော်အကြံပြုထားသည့် အဓိကအကြံပြုချက် (၄)ရပ်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆွေတော်အနေဖြင့်လည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုချမှတ်ထားသည့် နိုင်ငံများအား ပိတ်ဆို့မှုများ ဖယ်ရှားပေးရန် ကူညီပြောကြားပေးသင့်ပါကြောင်း၊ မိမိတို့အနေဖြင့် လူ့အခွင့်အရေးကောင်စီအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အနောက်နိုင်ငံအချို့က ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့တွင် မြန်မာနိုင်ငံအပေါ် Country- specific Resolution ကို နှစ်စဉ်တင်သွင်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံတစ်ရပ် တည်ထောင်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးမှာ အဓိကသော့ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကဦးထိပ်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားကို လိုလားသူတိုင်းအား ကြိုဆိုလျက်ရှိပြီး ငြိမ်းချမ်းရေးတံခါးဖွင့်လျက် ဖိတ်ခေါ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားစီရင်ရေးစနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိသည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်နေပါကြောင်း၊ အကျဉ်းသားဆိုင်ရာများနှင့်စပ်လျဉ်း၍ပြောရလျှင် အဆွေတော်၏ အစီရင်ခံစာ၌ ဖော်ပြထားသည့် အကျဉ်းသားအရေအတွက်နှင့် အမှန်တကယ် အကျဉ်းကျခံထားရသည့်အရေအတွက် များစွာ ကွဲပြားနေပါကြောင်းဖြင့် စတင်ရှင်းလင်းဆွေးနွေးခဲ့သည်။

မစ္စတာ ကွင်တားနားက မိမိအား မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားခဲ့မှုနှင့် ခရီးစဉ်အတွင်း ဧည့်ဝတ်ကျေပွန်မှု၊ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ၏ Mandate ကို ဖော်ဆောင်ရာတွင် မြန်မာအစိုးရနှင့် အပြုသဘောသက်ဝင်လျက် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများ ဖြစ်ထွန်းလာနေသည်ကို အထင်အရှား တွေ့မြင်ရပါကြောင်း၊ ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက တိုင်းရင်းသားအရေးကိစ္စများကို ဆွေးနွေးပြောကြားမှုများသည်လည်း အပြုသဘောဆောင်သည့် တိုးတက်မှုများပင်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် မြန်မာနိုင်ငံ၌ အရေးကြီးသည့် ဖြစ်ပေါ်တိုးတက်မှုများကို တွေ့မြင်နေရသည့်နည်းတူ အခြားတစ်ဖက်တွင်လည်း လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မကင်းဖြစ်ဖွယ် အခြေအနေများကိုလည်း တွေ့မြင်နေရပါကြောင်း၊ အဆွေတော်တို့အနေဖြင့် မိမိ၏အကြံပြုချက်များကို အတိုင်းအတာတစ်ခုအထိ လက်ခံသည်ဟုယူဆပါကြောင်း၊ ယခုခရီးစဉ်တွင် မိမိအနေဖြင့် အချက် (၂)ချက်ကို ထပ်မံတင်ပြလိုပါကြောင်း၊ အများပါဝင်သည့် ဒီမိုကရေစီရှင်သန်ဖြစ်ထွန်းနိုင်ရန် လူတိုင်း ပညာသင်ကြားခွင့်ရရှိရန် လိုအပ်ပါကြောင်း၊ ယခုခရီးစဉ်အတွင်း အဆိုပါကိစ္စကို ဆက်လက်လေ့လာ ဆောင်ရွက်သွားရန် ရည်ရွယ်ပါကြောင်း၊ ဒုတိယအချက်မှာ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေများအား မိမိ၏အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြနိုင်ရန်အတွက် သိရှိလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယုံကြည်

မစ္စတာကွင်တားနား၏ ဆွေးနွေးမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မိမိနှင့်အဆွေတော်တို့ ဂျီနီဗာမြို့တွင်တွေ့ဆုံစဉ်က အကျယ်တဝင့်ရှင်းလင်းပြောကြားပြီးဖြစ်ကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ တိုင်ကြားချက်များကို မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့မှ တာဝန်ယူစုံစမ်းမှုများပြုလုပ်ပြီး အပြစ်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရပါက ပြစ်ဒဏ်ချမှတ်အရေးယူခဲ့ပါကြောင်း၊ အချို့သောတိုင်တန်းမှုများမှာ စွပ်စွဲမှုများသာဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် ***စာမျက်နှာ ၁၀ ကော်လံ ၁ သို့***

အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြောကြား

မွန်းလွဲပိုင်းတွင် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်လှမြင့်ရွှေနှင့် တာဝန်ရှိသူများက တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အတွင်း သင်ကြားမှု၊ သင်ယူမှုအခန်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အလားတူ အိန္ဒိယရေတပ်ဦးစီးချုပ်၏ဇနီး Mrs. Madhulika Verma သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)တို့သို့ သွားရောက်လေ့လာရာ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဩဂုတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန် ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှ စ၍လွန်ခဲ့သော နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	မင်းကင်း	၁၄၆	၅ ဒသမ ၇၅	၁၁၆	၄ ဒသမ ၅၇	၁၄-၈-၁၉၉၆	၂၈

စာမျက်နှာ ၉ မှ

လွတ်လပ်သော ကော်မရှင်အဖွဲ့တစ်ရပ် ဖွဲ့စည်းပေါ်ပေါက်လာရေးကို စဉ်းစားသုံးသပ်လျက်ရှိပါကြောင်း၊ အနာဂတ်တွင် မိမိတို့အစိုးရအနေဖြင့် တိုင်ကြားချက်များအပေါ် ထင်သာမြင်သာရှိသည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းမည့်အဆွေတော်၏ အစီရင်ခံစာသည် ဘက်လိုက်ခြင်းမရှိဘဲ ပကတိအဖြစ်မှန်များကိုသာ ဖော်ပြရန် အရေးကြီးပါကြောင်းနှင့် အဆွေတော်အနေဖြင့် သမာသမတ်ကျစွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အကောင်အထည်ဖော်ဆောင်ရွက်

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် မစ္စတာကွင်တားနားတို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက အဆွေတော်နှင့် ယခင်တွေ့ဆုံစဉ်က အကြံပြုခဲ့သော SU သက်တမ်းတိုးရေးကိစ္စကို (၄)ကြိမ်တိုင် သက်တမ်းတိုးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေမူကြမ်းကိုလည်း ရေးဆွဲပြီး ယခုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ဤမူကြမ်းသည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ရော ILO ပြဋ္ဌာန်းချက် အမှတ်(၈၇) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့်ပါ အပြည့်အဝကိုက်ညီမှုရှိပါကြောင်း၊ မိမိနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ (၂)ကြိမ်တွေ့ဆုံပြီး နှစ်ဖက်သဘောတူထုတ်ပြန်ချက်များ ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း အဆွေတော်ကြားသိပြီးဖြစ်ပါကြောင်း၊ ယခုရရှိခဲ့သည့် နှစ်ဖက်သဘောတူညီချက်များမှာ တပ်မတော်အစိုးရလက်ထက်တွင် တွေ့ဆုံမှုများ ပြုလုပ်ခဲ့စဉ်က ရရှိခဲ့သည့် ဘုံသဘောတူညီချက် (Common Ground) ကို အခြေပြု၍ ဖော်ထုတ်ရရှိသည့် နှစ်ဖက်ရည်မှန်းချက်ပန်းတိုင် (Common Goal) ပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍအသီးသီးတွင် ဒေါ်အောင်ဆန်းစုကြည်၏ inclusiveness ရှိမှုကို အသိအမှတ်ပြုဖော်ညွှန်းသည့် အချက်လည်း ပါဝင်ပါကြောင်း၊ အနာဂတ်ကာလတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စများ၌ ပါဝင်မှုသည် သူမတစ်ဦးတည်း ပါဝင်ရန်မဟုတ်ဘဲ သူမ၏ တရားဝင်နိုင်ငံရေးပါတီပါ ပါဝင်နေမည်ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ တရားဝင်ပါတီနှင့်နိုင်ငံတော်အစိုးရတို့သည် အပြန်အလှန်ကူညီသည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် (Reciprocal Basis) ဖြင့် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ပြီးလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခင်ခရီးစဉ်တွင် အဆွေတော်အကြံပြုခဲ့သည့် ကိစ္စရပ်များအားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်းဖြင့် စတင်ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြန်လည်မေးမြန်း

ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးချက်အပေါ် မစ္စတာကွင်တားနားက ယခုကဲ့သို့ မြန်မာနိုင်ငံဘက်မှ ခိုင်ခိုင်မာမာ ဆောင်ရွက်ထားရှိမှုများကို သိရှိရ၍ ကျေးဇူးတင်ပါကြောင်း၊ မိမိယခုကဲ့သို့လာရောက်သည်မှာ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဝန်ကြီးအား အထောက်အကူပေးနိုင်ရန်အတွက်သာ ရည်ရွယ်ပါကြောင်း၊ သမ္မတကြီး၏မိန့်ခွန်းတွင်ပါဝင်သော နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်များတွင် ဦးစားပေးအချက်အနေဖြင့် နိုင်ငံသားများအခွင့်အရေးတွင် စီးပွားရေးနှင့် လူမှုရေးအပိုင်းတို့ကိုပါ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရ၍ ကြိုဆိုပါကြောင်း၊ ဤသည်မှာ လူ့အခွင့်အရေးအတွက် အဓိကအကျဆုံးသော တာဝန်ရှိမှုပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဌာနေအခြေစိုက်ရုံးများဖွင့်လှစ်၍ လူများပြန်လည်နေရာချထားပေးမှုအတွက် UN Country Team မှ ဆောင်ရွက်ပေးနေသကဲ့သို့ လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို နိုင်ငံတကာအဆင့် ကျွမ်းကျင်သူများမှ အကူအညီပေးရန်အတွက် မည်သို့ဆက်သွယ်ဆောင်ရွက်ရမည်ကို သိရှိလိုပါကြောင်း၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းများတွင် ပါဝင်သွားခဲ့သည့် လယ်ယာမြေများအတွက် ဒေသခံများအား ပြန်လည်နေရာချထားပေးမှုနှင့် လျော်ကြေးငွေပေးမှု အခြေအနေများကိုလည်း သိရှိလိုပါကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်နေသည့်ကဏ္ဍများ (ဥပမာ နေရာချထားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်)တွင် နိုင်ငံတကာ ကျွမ်းကျင်သူများ ပါဝင်ကူညီပူးပေါင်း ဆောင်ရွက်လိုပါကြောင်းနှင့် ယင်းကိစ္စအပေါ် မည်သို့သဘောထားသည်ကို သိလိုပါကြောင်းဖြင့် ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

အဆိုပါ မေးမြန်းဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ပိုင်ဆိုင်မှုဆုံးရှုံးခဲ့ရသူ၊ အခွင့်အရေးဆုံးရှုံးကြရသူ ပြည်သူများအတွက် တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေ ဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်နေရာချထားခြင်းနှင့် လျော်ကြေးပေးခြင်းများကို ဒေသအာဏာပိုင်များ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်အခြေချ ကူညီဆောင်ရွက်ပေးလိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ ယခုလက်ရှိတွင်လည်း မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့သည် ယခင်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးခဲ့ပြီး ယခုအခါ အများပြည်သူကောင်းကျိုးအတွက် ဦးစားပေးဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မိမိတို့သည် ပြောင်းလဲနေပြီဖြစ်သည် ဆိုသောအချက်ကို နားလည်စေလိုပါကြောင်း၊ မိမိတို့၏ ဦးတည်ရာ လမ်းကြောင်းသည် ပြည်သူလူထု အကျိုးအတွက် ရှေးရှုလုပ်ဆောင်မှုများ ပိုမိုအလေးပေးလာပြီဖြစ်သည့်အတွက် အဆွေတော် နောက်တစ်ကြိမ် လာရောက်ချိန်တွင် ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာ့နိုင်ငံရေးသည် အရေးကြီးသည့် အပြောင်းအလဲကာလ (Turning Point)သို့ ရောက်ခဲ့ပြီဖြစ်သည်ကို အသိအမှတ်ပြုနိုင်မည်ဆိုပါက မြန်မာပြည်သူများအတွက် အပြုသဘောဆောင်သည့် အကျိုးကျေးဇူးရလဒ်များ ရရှိနိုင်မည်မှာ အသေအချာပင်ဖြစ်ပါကြောင်း၊ အကျဉ်းသားကိစ္စ၊ ပြည်ပသဘောထားကွဲလွဲသူများကိစ္စ၊ ဒုက္ခသည်ကိစ္စများသည် Corollaries များသာဖြစ်၍ မကြာမီ အလွယ်တကူ ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြောကြား

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်တွေ့ဆုံရာ၌ မစ္စတာကွင်တားနားက မြန်မာနိုင်ငံသည် အခန်းကဏ္ဍသစ်သို့ သွားနေပြီဖြစ်ရာ မိမိအနေဖြင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မိမိ ယခင်က တင်ပြခဲ့သော ဥပဒေများပြင်ဆင်ခြင်း၊ သုံးသပ်ခြင်းနှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေ၊ Rule of Law တွင် လူ့အခွင့်အရေး ချိုးဖောက်ပါက မည်သို့သက်သာခွင့်ပေးသည်၊ လူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ Paris Principle နှင့် အညီ ဖွဲ့စည်းတည်ထောင်ရန် ရှိ/မရှိ စသည်များ သိရှိလိုပါကြောင်း၊ UPR Process နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် များစွာကြိုးပမ်းခဲ့သည်ကို အသိအမှတ်ပြု ဝမ်းသာပါကြောင်း၊ မိမိနှင့်တကွ လူ့အခွင့်အရေးကောင်စီမှ ဆက်လက်အားပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံမှ လက်ခံခဲ့သော အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဗန်ကောက်နှင့်ဂျီနီဗာရှိ လူ့အခွင့်အရေး မဟာမင်းကြီးရုံးမှ ကူညီရန် အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်က ရှင်းလင်းပြောကြားရာတွင် သမ္မတကြီး ဦးသိန်းစိန်က အခြေခံဥပဒေနှင့် မညီညွတ်သော ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ အစားထိုးရန် ညွှန်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေဖြင့် ဝန်ကြီးဌာနများနှင့်ဆွေးနွေးပြီး သဘောထားမှတ်ချက်များရယူလျက်ရှိပါကြောင်း၊ ဒီမိုကရေစီ၏ ခက်မ သုံးဖြာအရ အုပ်ချုပ်ရေးအပိုင်းက ပြီးစီးပါက ဥပဒေပြုရေးအပိုင်းသို့ လွှဲအပ်တင်ပြ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်း၌ မိမိတို့အနေဖြင့် Political Will ရှိခြင်းကို သိရှိသွားရန်နှင့် Law and Practice ရှိခြင်းတို့ကို ပြသရန်အရေးကြီးပါကြောင်း၊ လူ့အခွင့်အရေး ကာကွယ်မှုနှင့်စပ်လျဉ်း၍ အခြေခံဥပဒေတွင် စာချွန်တော်ထုတ်သည့် နည်းလမ်းပါရှိပြီးဖြစ်ပါကြောင်း၊ ဥပဒေကြောင်းအရ ယန္တရားအသစ်ဖြစ်၍ ပြည်သူအများသိရှိအောင် ဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ တိုင်တန်းမှုယန္တရားနှင့်စပ်လျဉ်း၍ (၆၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မိမိတင်သွင်းခဲ့သည့် မြန်မာနိုင်ငံ၏ UPR National Report ၌ အသေးစိတ် ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မည်သူမျှ ဥပဒေအထက်တွင် မရှိစေဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် Paris Principle နှင့်အညီ တည်ထောင်ရန် စဉ်းစားဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ UPR Process နှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် UPR အကြံပြုချက် (၁၉၀)၏ (၅၄ ဒသမ ၂)ရာခိုင်နှုန်းကို လက်ခံခဲ့ပါကြောင်း၊ မိမိတို့ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် လက်ခံခဲ့သည့်နှုန်း အလွန်များသည်ကို ကမ္ဘာကလည်း အသိအမှတ်ပြုပါကြောင်း၊ ကမ္ဘာပေါ်တွင် မည်သည့် ဒီမိုကရေစီနိုင်ငံကမျှ စည်းကမ်းမဲ့ဆန္ဒပြခြင်း၊ ပစ္စည်းလုယူဖျက်ဆီးခြင်း၊ ဥပဒေချိုးဖောက်ခြင်း၊ ဥပဒေမဲ့ပြုမူခြင်းတို့ကို မလိုလားပါကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံ တည်ထောင်ရန် ရည်ရွယ်ပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းဖြေကြားခဲ့သည်။

ထုတ်ဝေဖြန့်ချိ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် မစ္စတာကွင်တားနားတို့ တွေ့ဆုံရာတွင် ဒုတိယရဲချုပ်က လူ့အခွင့်အရေးစံနှုန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လေးစားလိုက်နာစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ အကူအညီဖြင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဆင့်ပွားပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရဲအထက်တန်းကျောင်းများတွင်လည်း လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကိုထည့်သွင်း ပို့ချခဲ့ပါကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းနှင့် တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများ လိုက်နာရမည့် ကျင့်ဝတ်စာအုပ်များ၊ ကလေးသူငယ်စုံစမ်းစစ်ဆေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းလက်စွဲစာအုပ်များ ထုတ်ဝေဖြန့်ချိ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အကြံပြုဆွေးနွေး

ထို့နောက် ဒုတိယရဲချုပ်နှင့် မစ္စတာကွင်တားနားတို့သည် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်၊ ၎င်းအလုပ်ရုံဆွေးနွေးပွဲများတွင် ပြည်ပမှ လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ရဲအရာထမ်းဟောင်းများ လာရောက်ဆွေးနွေးပို့ချမှု အခြေအနေ၊ Child Friendly Interview Rooms များ ဖွဲ့စည်းတည်ထောင်မှု အခြေအနေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆောင်ရွက်မှုနှင့် ပြစ်မှုကျူးလွန်သူများအား အရေးယူမှုအခြေအနေ၊ အဓိကရုဏ်း နှိမ်နင်းရေး လက်စွဲစာစောင်ပါ လုပ်ထုံးလုပ်နည်းများနှင့် ကိုင်တွယ်ဆောင်ရွက်မှု အခြေအနေ၊ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်အတွက် ဆောင်ရွက်ပေးမှုအခြေအနေဆိုင်ရာများကို အပြန်အလှန်ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ ဆက်လက်၍ မစ္စတာကွင်တားနားက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ အောင်မြင်မှုအတွက် အသိအမှတ်ပြုပါကြောင်းနှင့် ၎င်းအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံသစ်တွင် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ Rule of Law အတိုင်း ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဂီတာပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ပပဝင်းဝင်း (ပတ်ပျိုး)
- (ခ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
- (ဂ) သပြေပင်ဝန်း (ကြိုး)
- (ဃ) တောဟောဝန်လယ် (ယိုးဒယား)
- (င) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (စ) အမင်းမင်းခရ (သီချင်းခံ)
- (ဆ) မန္တလာဘုံ (ဘွဲ့)
- (ဇ) မှုန်ပြာဝေ (ယိုးဒယား)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ခ) ခါနွေဆန်း လန်းစီစီ (ယိုးဒယား)
- (ဂ) ဂုဏ်တော်ဖွင့် (ကာလပေါ်)(ပြည်လှဖေ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) မြိုင်ကြီးဟေမာ (ယိုးဒယား)
- (ဂ) ပပဝင်း (ကာလပေါ်)(ပြည်လှဖေ)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ကျောင်းတော်ကြီး (ကြိုး)
- (ခ) သုဝဏ္ဏသျှံ (ကာလပေါ်)(ပြည်လှဖေ)
- (ဂ) ဝေဇယန္တာ (ယိုးဒယား)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) အိုကျော့ဆုံးမယ် (ပတ်ပျိုး)
- (ဂ) ချစ်ရေစင် (ကာလပေါ်)(ဒေါ်မေရှင်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သီဒါသီဒါမြသား (ကြိုး)
- (ခ) ထံတျာတေရှင် (ကြိုး)
- (ဂ) မေတ္တာရွှေရည် (ကာလပေါ်)(တင်တင်အောင်)

(ဆက်လက်ဖော်ပြပါမည်)

ဟိုတယ်နှင့် အပျော်စီးသင်္ဘောများတွင် အလုပ်လုပ်ကိုင်နိုင်ရေး နိုင်ငံတကာအဆင့်မီ သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၅

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကို Trade Wind Maritime Training Centre အမှတ်(၇) လေးထောင့်ကန်လမ်းမကြီး သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် စက်တင်ဘာ ၁ ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းများတွင် Hotel Front Office Operation Course (ဟိုတယ်ဧည့်ကြိုသင်တန်း)၊ Hotel & Cruise Operations Basic Course (ဟိုတယ်နှင့် အပျော်စီးသင်္ဘောလုပ်ငန်း အခြေခံသင်တန်း)၊ (Food & Beverage Service, Housekeeping, English for Hotel Industry & Terminology)၊ Hotel & Cruise Culinary Basic Course (ဟိုတယ်နှင့်အပျော်စီးသင်္ဘောလိုင်းမီးဖိုချောင်ဝန်ထမ်းအခြေခံသင်တန်း)၊ သင်တန်းအားလုံးတွင် နိုင်ငံတကာအဆင့်မီသင်ရိုး Audio-visual Training Aids, Practical sessions with full Equipment and Uniforms, Aircondition Class Rooms with Internet Access and Library Facilities များတွဲဖက်ပါရှိမည်ဖြစ်ပြီး အဆိုပါသင်တန်းများအား နိုင်ငံတကာအဆင့် ဟိုတယ်ကြီးများတွင် လုပ်ကိုင်ခဲ့ပြီး သင်ကြားရေးအတွေ့အကြုံရှိ ဆရာ ဆရာမများက စနစ်တကျသင်ကြားပေးမည်ဖြစ်သဖြင့် တက်ရောက်လိုသူများသည် ဖုန်း-၈၅၅၀၇၃၇၊ ၈၅၅၀၇၆၇ နှင့် www.tradewindshipping.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရေးမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရေး ဩဂုတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီက အဘော်ကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများက အဘော်ကျေးရွာအုပ်စု မိုးစပါး ဧက ၁၀၀ အတွင်းသို့ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ တီလားဗီးယား စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်ငါးလုပ်ငန်း)

မအူပင်မြို့၌ စုပေါင်းသန့်ရှင်း

ရန်ကုန် ဩဂုတ် ၂၅

ယခုရက်ပိုင်းအတွင်း မိုးများစွာရွာသွန်းမှု၊ မြစ်ရေတက်မှုတို့ကြောင့် မအူပင်မြို့နယ်အတွင်း အချို့နေရာများ၌ အမှိုက်များ ပြန့်ကျဲလျက်ရှိရာ ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြို့တွင်းသန့်ရှင်းရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများက ကမ်းနားလမ်းတစ်လျှောက်ရှိ လမ်းဖြတ်မြောင်းများ၊ ရေပြွန်များ၊ လမ်းဘေးဝဲယာ ရေစီးမြောင်းများအတွင်းမှ အမှိုက်နှင့်နုန်းများကို ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ မြို့တွင်းရပ်ကွက်များ၊ လမ်းများ၌ ရေတင်မှု၊ ရေဝပ်မှုမရှိဘဲ မြို့နယ်အတွင်း ခရီးသွားလာမှုအဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရှိရသည်။ (၀၄၂)

ဩဂုတ် ၁၉ ရက်က ကလေးမြို့နယ်ရှိ မြို့နယ်မြေစာရင်း၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများ စုပေါင်း၍ ဟဲဟိုးကျေးရွာအုပ်စု၌ သီပွံနည်းကျ စိုက်ပျိုးထားသော လယ်မြေ ၁၀ ဧကတွင် စုပေါင်းမြေသြဇာကြဲပက်ကြစဉ်။

(မြို့နယ်စိုက်ပျိုးရေး)

ဩဂုတ် ၂၁ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးတက္ကသိုလ် မြန်မာစာလက်ထောက်ကထိက ဒေါ်သင်းသင်းက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ တက္ကသိုလ်ဝင်တန်း ရာသက်ပန် မြန်မာစာဂုဏ်ထူးဆုအတွက် အလှူငွေကျပ် နှစ်သိန်းကို အလှူရှင်ကိုယ်စား အစ်ကိုဖြစ်သူ ဦးဇော်မင်း (သိန်းရတနာ တွင်ခုံနှင့်သံပန်း)က ဖောင်ဒေးရှင်း နာယက ဒေါက်တာသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ဒုတိယအကျော့ အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် ဩဂုတ် ၂၅

ချန်ပီယံလိဂ်ခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် ဩဂုတ်၂၄ရက်က အာဆင်နယ်အသင်းနှင့် အီတလီစီးရီးအေကလပ် အူဒီးနိစ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ အိမ်ရှင် အူဒီးနိစ်အသင်းက ပွဲချိန် ၃၉ မိနစ်တွင် ခေါင်းဆောင်ဗန်ပါစီက ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်တွင် ဂါဗင်ဟို၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို အာဆင်နယ်အသင်းနာဆာက ချေပဂိုးသွင်းယူခဲ့သည်။

အာဆင်နယ် ဂိုးရေိယာအတွင်း သောမတ်ဗာမေလန်လက်ထိခဲ့သဖြင့် ဒိုင်လူကြီးက အာဆင်နယ်အသင်းဘက်သို့ ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ သို့သော်လည်း အာဆင်နယ်ဂိုးသမားက ကာကွယ်ပေးနိုင်ခဲ့သည်။ အာဆင်နယ်တိုက်စစ်မှူး ဝေါလ်ကော့(ဝဲပုံ)က ပွဲချိန် ၆၅ မိနစ်တွင် အာဆင်နယ်အသင်းအတွက် အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ပထမအကျော့တွင်လည်း အူဒီးနိစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အာဆင်နယ်က နှစ်ကျော့ပေါင်း သုံးဂိုး- တစ်ဂိုးဖြင့်နိုင်ပြီး ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲဝင်ခွင့် ရရှိခဲ့သည်။

(အင်တာနက်)

လန်ဒန် ဩဂုတ် ၂၅

ဗြိတိသျှလက်ဝှေ့သမား ကားဖရော့ချ်က အမေရိကန်လက်ဝှေ့သမား အင်ဒရီဝပ်အား စူပါစစ်စူပါမစ်ဒယ်ဝိတ်တန်း (Super Six super -middle weight) ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။

ယင်းတို့နှစ်ဦးသည် လာမည့် အောက်တိုဘာလ ၂၉ ရက်တွင် အတ္တလန္တာမြို့၌ စူပါစစ် စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း ပြိုင်ပွဲကြီးကြပ်သူများက ပြောကြားသည်။ နော့တင်ဟမ်မြို့သား ကားဖရော့ချ်သည် လက်ရှိ ဒဗလျူဘီစီချန်ပီယံဖြစ်သည်။ အမေရိကန် လက်ဝှေ့သမား အင်ဒရီဝပ်သည် ဒဗလျူဘီအေ လက်ဝှေ့ချန်ပီယံ ဖြစ်သည်။

(ယာပုံ)

မိမိအနေဖြင့် အင်ဒရီဝပ်ကို ယှဉ်ပြိုင်ထိုးသတ်ရန် အသင့်ရှိကြောင်း အသက် ၃၄ နှစ်ရှိ ကားဖရော့ချ်က ပြောကြားသည်။ အမေရိကန် လက်ဝှေ့သမား အင်ဒရီဝပ်သည် အသက် ၂၇ နှစ်သာ ရှိသေးသည်။

ကားဖရော့ချ်သည် ၂၈ ပွဲထိုး သတ်ခဲ့ရာတွင် ပွဲ ၂၀ အနိုင်ရရှိထားသည်။ အင်ဒရီဝပ်မှာ ၂၄ ပွဲထိုးသတ်ခဲ့ရာတွင် ၁၃ ပွဲ အနိုင်ရရှိထားသူ ဖြစ်သည်။ *(အင်တာနက်)*

စာတည်းထံပေးစာများ

ကားဘော်ဒီရုံမှထုရိုက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်(၃)လမ်း အမှတ်(၉၁၃) လူနေအိမ်ရှေ့ လူအများသွားလာနေသော လမ်းမပေါ်တွင် ကျူးကျော်၍ ကားဘော်ဒီရုံကို အခိုင်အမာဆောက်လုပ်ထားပြီး အလုပ်ရုံတွင် သံထည်များကိုထုရိုက်ခြင်း၊ ဂဟေဆော်ခြင်း၊ ဆေးမှုတ်ခြင်းများပြုလုပ်နေပါ၍ ရပ်ကွက်အတွင်းနေထိုင်သူများ နားမခံသာသည့်အပြင် ဆေးနံ့နှင့်ထုရိုက်သံများကြောင့် ကျန်းမာရေးပါထိခိုက်ရပါသဖြင့် အဆိုပါ ဘော်ဒီရုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

စံပြကျေးရွာနှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းရေး ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စုအတွင်းရှိ ရွှေနံ့သာစံပြကျေးရွာတွင် ကျေးရွာတည်ထားစဉ်ကပင် အကွက်ချပါရှိပြီးဖြစ်သည့် ဈေးဝင်းနေရာကို ဈေးအင်္ဂါရပ်နှင့် ညီညွတ်သည့် ဈေးအဖြစ် စနစ်တကျတည်ဆောက်ခဲ့ရာ ဈေးဆိုင်ခန်းပေါင်း ၁၁၆ ခန်းနှင့် ပွဲကျဈေးနေရာများ တည်ဆောက်သတ်မှတ်၍ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သော်လည်း ကျေးရွာအတွင်းရှိ လမ်းဆုံလမ်းခွနေရာများ၊ အခြားနေရာတွင် ဈေးဆိုင်များ တရားမဝင်ခင်းကျင်းရောင်းချနေကြ၍လည်းကောင်း၊ ကျေးရွာအတွင်းရှိ ဂန့်ဂေါလမ်းမကြီးနှင့် (၇)လမ်းထောင့်ရှိ အကွက်အမှတ် (၂၅၅)တွင် သက်ဆိုင်ရာ ခွင့်ပြုချက်မရှိဘဲ ကိုယ်ပိုင်ပုဂ္ဂလိကဈေးအသွင်ဖြင့် နေအိမ်ခြံဝင်းကို ဈေးဆိုင်ခန်းများ အငှားနေရာချထားပေးလျက် ခင်းကျင်းရောင်းချနေကြသဖြင့်လည်းကောင်း စံပြကျေးရွာ၏ ဈေးအင်္ဂါရပ်နှင့် မညီညွတ်သည့်အပြင် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်နိုင်သဖြင့် အဆိုပါ တရားမဝင်ကျူးကျော်ဈေးဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရွှေနံ့သာစံပြကျေးရွာသားများ

ကျောက်ဖြတ်စက်အား ဖယ်ရှားရှင်းလင်းပြီး

၁၂-၈-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျောက်ဆည်မြို့နယ် ဘောဂဝတီအုပ်စုအရှေ့ အေးမြသာစည်ရပ်ကွက်အတွင်း ကျောက်ဖြတ်စက်လုပ်ငန်းမှ ထွက်ပေါ်လာသောဆူညံသံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရ**ပေးစာနှင့်ပတ်သက်၍ အဆိုပါ ကျောက်ဖြတ်စက်အား ဖယ်ရှားရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးမှ စစ်သံမှူးတို့တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Col. Rajesh Kumar လည်း တက်ရောက်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၅-၈-၂၀၁၁

ကော့သောင်းမြို့	၆ ဒသမ ၅၀ လက်မ
မင်းကင်းမြို့	၅ ဒသမ ၇၅ လက်မ
မော်လမြိုင်မြို့	၃ ဒသမ ၀၇ လက်မ
ချောင်းဆုံမြို့	၂ ဒသမ ၀၉ လက်မ
ရွှေဘိုမြို့	၂ ဒသမ ၀၁ လက်မ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၅

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းက အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

အိန္ဒိယရေတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အိန္ဒိယရေတပ်ဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အိန္ဒိယရေတပ်ဦးစီးချုပ်က ၄င်းနှင့်အတူလိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး *စာမျက်နှာ ၅ ကော်လံ ၄* ❒

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

၆ ပေ ၈ လက်မခန့် ရှည်ပြီး အဖီး ၁၅၀ ခန့် ရှိ သည့် ငှက်ပျောခိုင်။ စာ-၆

ကုန်ခြောက်များ ဒိုင်များသို့ အဝင် ကောင်းသော်လည်း အရောင်း အဝယ် အေး။ စာ-၇

မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်လုပွဲ ကားဖရော့ချ်နှင့် အင်ဒရီဝပ် ထိုးကြမည်။ စာ-၁၁